ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

ချမ်းသာခြင်းအကြောင်းတရား

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏။ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday, 27 April 2024 ၁၁၄၄၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်များက "လူငယ်စွမ်းရည်" တေးသီချင်းဖြင့် စုပေါင်းသီဆိုဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးစဉ်။

မိမိတို့နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်မောင်မယ်များ၏ စွမ်းဆောင်ရည်ပေါ်တွင် မျှားစွာမူတည်နေ

လူငယ်မောင်မယ်များ စွမ်းဆောင်ရည်ပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ကိုယ်တိုင် အပတ်တကုတ်ကြိုးပမ်းအားထုတ်

နေပြည်တော် ၈ဖြို ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ တွေ့ဆုံ၍ ဩဝါဒစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးဝဏ္ဏမောင်လွင်၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှူထန်၊ ဒေါက်တာဘာရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒစကားတွေက ကျွန်တော်တို့အတွက် အရေးကြီးပြီး အကျိုးကျေးဇူးတွေ အများကြီးရရှိစေပါတယ် တွေ့ဆုံမေးမြန်း စာမျက်နှာ » ၇

သုတ၊ ရသ စာများကို လက်ခံထားရှိသော ဘဏ်တိုက်များ သို့မဟုတ် စာကြည့်တိုက်များ ဆောင်းပါး စာမျက်နှာ » ၈

နေပြည်တော်ကောင်စီနယ်မြေ ဆီထွက်သီးနှံ ၈က ၁၃၀၀၀၀ ကျော်နှင့် ချည်မျှင်ရှည်ဝါ ၈က ၁၀၁၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၁၁

ကြားမှု

ကလေးများအနာဂတ် လုပကောင်းမွန်ဖို့

ကလေးငယ်များသည် ဖူးပွင့်စပန်းပင်လေးများနှင့်တူသည်။ ပြုစုယုယ ကာကွယ်စောင့်ရှောက်မှုမပြုနိုင်ပါက အချိန်မတိုင်ခင် ပျက်စီးကြေလွင့်သွားနိုင်သည်။ မိဘများနှင့်ကျန်းမာရေးဆိုင်ရာတို့သည် ဥယျာဉ်မှူးများနှင့်တူပြီး ပန်းကလေးများ ဖူးပွင့်ဝေဆာ လန်းဆန်းရှင်သန်လာအောင် မပြတ်ဂရုစိုက် စောင့်ရှောက်ပေးရသည်။ ကလေးများအတွက် ကာကွယ်ဆေးသည် မိဘမေတ္တာကို ကိုယ်စားပြုသည့် အကာ အကွယ်နှင့်တူသည့် လက်ဆောင်တစ်ခုဖြစ်သည်။

ကလေးငယ်များ ကိုယ်ခံစွမ်းအားမြှင့်တင်ရေးနှင့် ကျန်းမာစွာအသက်ရှင်သန် နိုင်ရေးအတွက် ကာကွယ်ဆေးအမျိုးမျိုးတို့ကို အသက်အရွယ်အလိုက် အထူးဂရုပြု ထိုးနှံထားရန် အရေးကြီးသည်။ ကလေးငယ်များတွင် ကူးစက်ဖြစ်ပွားတတ်သော ရောဂါအမျိုးမျိုးတို့ကို ကာကွယ်ဆေးဖြင့် ကြိုတင်ကာကွယ်စောင့်ရှောက်ထားခြင်း မပြုနိုင်ပါက ကလေးငယ်များဆုံးပါးသွားနိုင်ပြီး မဆုံးပါလျှင် လူစဉ်မမီသည့် ချို့တဲ့ သောဘဝဖြင့် ရှင်သန်နေရမည်ဖြစ်သည်။ သာဓကအားဖြင့် ဝက်သက်ကာကွယ်ဆေး တစ်မျိုးတည်းဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အတွင်း သေဆုံးထိခိုက်နိုင်သည့် ကလေးငယ် ၂၃ သန်းခန့်ကို ဟန့်တားကာကွယ်ပေးနိုင်ခဲ့ သည်။

ကာကွယ်ဆေးထိုးနှံထားခြင်းသည် ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးငယ်အားလုံး အတွက် အရေးကြီးလှသဖြင့် နှစ်စဉ် ဧပြီလနောက်ဆုံးရက်သတ္တပတ်(ဧပြီ ၂၄ ရက် မှ ၃၀ ရက်အတွင်း)ကို ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် အဖြစ် သတ်မှတ်ပြီး ထိုနေ့ထိုရက်ကာလများတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီး၌ ကလေးငယ်များ ကာကွယ်ဆေးထိုးနှံရေး ရက်သတ္တပတ်အစီအစဉ်များကို ကျင်းပခဲ့ကြသည်။ ယခု ၂၀၂၄ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနားသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည့် နှစ်(၅၀)မြောက် ရွှေရတုနှစ်ပတ်လည် ရက်သတ္တပတ်အခမ်းအနားဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနား ၏ ဆောင်ပုဒ်မှာ “Humanly Possible; Saving lives through immunization” ဖြစ်ပြီး “ကလေးငယ်များ အနာဂတ်လှပဖို့ လူတိုင်းပါဝင်ဆောင်ရွက်လို့ ကာကွယ် ဆေးဖြင့် အသက်ကယ်စို့” ဟူ၍ဖြစ်သည်။ ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းဖြင့် ကာကွယ်ဆေးဖြင့် အသက်ကယ်၍ရသောရောဂါများ ကြောင့် အသက်သေဆုံးမှုကိုလျှော့ချပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းဖြင့် ကလေးငယ်များ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်သည်။

ကာကွယ်ဆေးများ ပုံမှန်တိုက်ကျွေးပေးခြင်းအားဖြင့် ကလေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသော ရောဂါပေါင်း ၂၀ ကျော်ကို ကာကွယ် ဟန့်တားနိုင်သည်။ ယခုကဲ့သို့ ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် ကမ္ဘာ့ပြည်သူသန်းပေါင်း ၂၄ သန်းခန့်ကို ဆင်းရဲမွဲတေမှုမှ ကာကွယ်ပေးနိုင်ခဲ့သည်။ ဥပမာ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းအတွက် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာအသုံးပြုတိုင်း ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် ကုသရာတွင် ကုန်ကျနိုင်သည့်စရိတ် ၇၆ ဒသမ ၅ ဒေါ်လာ လျှော့ချနိုင်သည်ကို တွေ့ရှိရသည်။ အမှန်တကယ်တွင် ကာကွယ်ဆေးထိုးနှံထားခြင်းသည် ကလေးငယ် များသာမက အသက်အရွယ်မရွေး ရောဂါကင်းဝေးစေသည်။

မြန်မာနိုင်ငံတွင် ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တ ပတ်အတွင်း နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် များအတွင်းရှိမြို့နယ်များတွင် ဆုံဆို့ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဝက်သက်၊ ပိုလီယိုစသည့် ရောဂါ ၁၃ မျိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေးများအသုံးပြု၍ သတ်မှတ်အသက်အရွယ်အတွင်းရှိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် နှစ်ဦးပိုင်း မှစတင်၍ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်နှင့် အမီလိုက် ကာကွယ်ဆေးထိုး အစီအစဉ်များချမှတ်၍ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ကာကွယ် ဆေးထိုးလွှမ်းခြုံမှုအနေဖြင့် ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၂၀၂၃ ခုနှစ်တွင် ကာကွယ် ဆေးထိုးလွှမ်းခြုံနိုင်မှု နှစ်ဆကျော် ပြန်လည်တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီကာလကရှိခဲ့သည့် ကာကွယ် ဆေးထိုးလွှမ်းခြုံမှုအခြေအနေ ပြန်လည်ရရှိအောင် ဆောင်ရွက်မည်ဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံး အမီလိုက်ကာကွယ်ဆေးထိုးနှံခြင်း လှုပ်ရှားဆောင်ရွက် မှုအဖြစ် အသက်(၅)နှစ်အောက် ကလေးများကို သတ်မှတ်ကာကွယ်ဆေးများ ထိုးနှံပေးရန် စီစဉ်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတော်က နှစ်စဉ်ဝယ်ယူပံ့ပိုးပေးလျက် ရှိသည့် ကာကွယ်ဆေးများကိုအသုံးပြု၍ ပြည်သူလူထုတစ်ရပ်လုံး အသက်အရွယ် အလိုက် အကြိမ်ပြည့်ထိုးနှံတိုက်ကျွေးခြင်းနှင့် ရင်သွေးငယ်များကို ကာကွယ်ဆေး ဖြင့် ကာကွယ်၍ရသောရောဂါများကို ကာကွယ်နိုင်သဖြင့် ကလေးငယ်များ တစ်ယောက် မကျန် ထိုးနှံတိုက်ကျွေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါ ကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန
(၁)	ဦးမျိုးမင်း ညွှန်ကြားရေးမှူးချုပ် စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်	ညွှန်ကြားရေးမှူးချုပ် စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၂)	ဦးမင်းဟန်စိုး ညွှန်ကြားရေးမှူးချုပ် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်	ညွှန်ကြားရေးမှူးချုပ် ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်ကြီးကြပ် စစ်ဆေးရေးဌာနကြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၃)	ဒေါ်ခိုင်ရွှေဝါ ညွှန်ကြားရေးမှူးချုပ် စာရင်းဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်	ညွှန်ကြားရေးမှူးချုပ် ငွေရေးကြေးရေးစျေးကွက်၊ ငွေပေးချေမှု နှင့်စာရင်းရှင်းလင်းမှုဌာနကြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၄)	ဒေါ်နွယ်နီထွန်း ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်	ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၅)	ဦးဝင်းမြင့် ညွှန်ကြားရေးမှူးချုပ် ငွေကြေးစီမံခန့်ခွဲမှုဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်	ညွှန်ကြားရေးမှူးချုပ် ငွေကြေးစီမံခန့်ခွဲမှုဌာနကြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညစ်ညမ်းသော တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်မှုများနှင့်ပတ်သက်၍ သတိပေးတားမြစ်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူး ထုတ်လွှင့်ပြသရေးနှင့်ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်း ဗီဒီယို ရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှု ရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်းအတူ ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိ သြတ္တပ္ပတရားကင်းမဲ့သော တေးသီချင်း ဗီဒီယိုများကို လူမှုကွန်ရက်စာမျက်နှာ များတွင် ရိုက်ကူးထုတ်လွှင့်နေကြသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လူမှုကွန်ရက်စာမျက်နှာများ အပါအဝင် မြန်မာ့ယဉ်ကျေးမှုကိုဆန့်ကျင် သော၊ ညစ်ညမ်းသော အပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူး ထုတ်လွှင့်ဖော်ပြမှုများနှင့် ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင် သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း သတိပေးကြေညာအပ်ပါသည်။

သက်ဆိုင်ရာအလိုက် ဖွဲ့စည်းထား သော အစည်းအရုံးများကလည်း လိုအပ် သလို ထိန်းကျောင်းတည့်မတ်ပေးနိုင်ရန် အသိပေးအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၄ -၂၀၂၄

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၉၀၀	၈,၈၀၀	၁၆၆	၁,၄၇၃,၈၀၀
MTSH	၂,၉၀၀	၂,၉၀၀	၆,၀၈၁	၁၇,၆၃၄,၉၀၀
MCB	၈,၀၀၀	၈,၀၀၀	၉၇	၇၇၅,၇၀၀
FPB	၁,၅၀၀	၁,၅၅၀	၁,၅၂၈	၂,၃၀၇,၈၅၀
TMH	၂,၉၅၀	၂,၉၅၀	၁	၂,၉၅၀
EFR	၁,၇၀၀	၁,၆၅၀	၁၄၆	၂၄၃,၂၀၀
AMATA	၄,၆၀၀	၄,၆၀၀	၁	၄,၆၀၀
MAEX	၂,၀၅၀	၂,၀၅၀	၂၅၄	၅၂၀,၇၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြားမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း သတင်းထောက်များ**	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာပြင်**	- ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာတည်းများ		**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖင၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀ဖဂ-၃ဖဃ၂ဖ၊ စာတည်းအဖွဲ့ ၀ဖဂ-၃ဖဃ၂ရ၊ ၀ဖဂ-၃ဖဃ၃၃၀၊ ဖက်စ် ၀ဖဂ-၃ဖဃ၃၃
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-ဓဖ၁၀ဖစ၅၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ဩဝါဒစကား ပြောကြားစဉ်။

☆ ရှေ့ပုံးမှ

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာ ကွ ယ် ရေး ဦး စီး ချုပ် ရုံး မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် လူရည်ချွန်မောင်မယ်များက အခမ်းအနားဖွင့်လှစ်ခြင်းအဖြစ် **"လင်းလက်ကြယ်များ တောက်ပချိန်"** အစီအစဉ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်းအား သံပြိုင်သီဆို၍ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက် လာကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"ဘဝအမွန်လူရည်ချွန်"** တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် **"အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် လူရည်ချွန်မောင်မယ်များ"** Video Clip ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဩဝါဒစကားပြောကြားရာတွင် မောင်တို့မယ်တို့လူငယ်များသည် ပြည့်ခွန်အားများဖြစ်သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးကြီးသည့် လူစွမ်းအားအရင်းအမြစ်များလည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်မောင်မယ်များ၏ စွမ်းဆောင်ရည်ပေါ်တွင် များစွာမူတည်နေကြောင်း၊ ထို့ကြောင့် လူငယ်မောင်မယ်များအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ပညာရယူနိုင်သည့် နည်းလမ်းအသွယ်သွယ်မှ မိမိတို့ကိုယ်တိုင် အပတ်တကုတ် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရန်အတွက် လူငယ်များကို ကာယ၊ ဉာဏ်၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ခေတ်ကာလ၏ ဆန်းသစ်သည့် နည်းပညာများနှင့်အတူ တိုးတက် ပြောင်းလဲလာသည့်ကမ္ဘာကြီးကို လက်လှမ်းမီနိုင်ရန် မျိုးဆက်သစ် လူငယ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း၊ လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစား ဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် ပါဝင်နိုင်ရန်အတွက် ကျောင်းမွန်စွာ ပြုစုပျိုးထောင်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ဗမာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကိုတန်ဖိုးထားထိန်းသိမ်းတတ်ရန်၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းတတ်ရန်၊ မိမိပတ်ဝန်းကျင်ကို အကျိုးပြုရန်၊ လူမှုအသိုင်းအဝိုင်းတွင် ကောင်းမွန်သည့်စိတ်ဓာတ်၊ ကောင်းမွန်သည့် အလေ့အကျင့်များနှင့် ဝင်ဆံ့အကျိုးပြုနိုင်ရန်၊ နိုင်ငံ့သားကောင်းမှသည် ကမ္ဘာ့သားကောင်းဖြစ်ရန် စသည့် အရည်အသွေးများနှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်ရန် လေ့လာသင်ယူပြီး လိုက်နာကျင့်သုံးသွားကြခြင်းဖြင့် ဌာနေ့ချမ်းသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

> ❍ **ယနေ့ခေတ်ကာလ၏ ဆန်းသစ်သည့် နည်းပညာများနှင့်အတူ တိုးတက်ပြောင်းလဲလာသည့်ကမ္ဘာကြီးကို လက်လှမ်းမီနိုင်ရန် မျိုးဆက်သစ်လူငယ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးရန်လိုအပ်**
>
> ❍ **လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်**

ထူးချွန်ထက်မြက်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကိုတန်ဖိုးထားထိန်းသိမ်းတတ်ရန်၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းတတ်ရန်၊ မိမိပတ်ဝန်းကျင်ကို အကျိုးပြုရန်၊ လူမှုအသိုင်းအဝိုင်းတွင် ကောင်းမွန်သည့်စိတ်ဓာတ်၊ ကောင်းမွန်သည့် အလေ့အကျင့်များနှင့် ဝင်ဆံ့အကျိုးပြုနိုင်ရန်၊ နိုင်ငံ့သားကောင်းမှသည် ကမ္ဘာ့သားကောင်းဖြစ်ရန် စသည့် အရည်အသွေးများနှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်ရန် လေ့လာသင်ယူပြီး လိုက်နာကျင့်သုံးသွားကြခြင်းဖြင့် ဌာနေ့ချမ်းသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

လူရည်ချွန်များ ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့သည့် သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျင်းပခဲ့ပြီး (၂၅)ကြိမ်မြောက် ငွေရတု လူရည်ချွန်စီမံကိန်းကို လည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ် နောက်ပိုင်း ခေတ္တရပ်နားခဲ့သည့် လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် **"ဘက်စုံပညာ ထူးချွန်လူငယ်"** စီမံကိန်းအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် **"လူရည်ချွန်စီမံကိန်း"** အမည်ဖြင့် ပြန်လည်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု အခြေအနေများကြောင့် ခေတ္တရပ်နားခဲ့ရကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစပြီး ပြန်လည်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ ထပ်ကွမ်းလူရည်ချွန်များအပါအဝင် မောင်မယ်တို့နှင့် တွေ့ဆုံရသည့် အချိန်ကာလကို ရောက်ရှိလာခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လူရည်ချွန်မောင်မယ်များက အခမ်းအနားဖွင့်လှစ်ခြင်းအဖြစ် "လင်းလက်ကြယ်များ တောက်ပချိန်" အစီအစဉ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးလူရည်ချွန်စခန်း အထိမ်းအမှတ်အလံကို လူရည်ချွန်မောင်မယ်များထံ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငွေဆောင်လူရည်ချွန်စခန်း အထိမ်းအမှတ်အလံကို လူရည်ချွန်မောင်မယ်များထံ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချောင်းသာလူရည်ချွန်စခန်း အထိမ်းအမှတ်အလံကို လူရည်ချွန်မောင်မယ်များထံ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများ အတွင်း လှည့်လည်ကြည့်ရှုစဉ်။

☆ စာမျက်နှာ ၃ မှ

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး မှ နဝမတန်း လူရည်ချွန် ၁၄၀၊ ဒသမတန်း လူရည်ချွန် ၁၄၀၊ ဧကာဒသမတန်း လူရည်ချွန် ၁၃၇ ဦးအပြင် ဒွါဒသမတန်း ၁၃၇ ဦး၊ စုစုပေါင်း ၅၅၄ ဦး ရွေးချယ်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုပညာသင်နှစ်တွင် KG+12 ပညာရေး စနစ်အရ အခြေခံပညာ၏ နောက်ဆုံးအတန်း ဖြစ်သည့် ဒွါဒသမတန်းကို ဖွင့်လှစ်ခဲ့သည့် အတွက် လူရည်ချွန်ရွေးချယ်သည့် အခါ ဒွါဒသမတန်းကိုပါ ရွေးချယ်နိုင်ခဲ့ကြောင်း။

စနစ်တကျ စိစစ်ရွေးချယ်ခဲ့

လူရည်ချွန် ကျောင်းသား ကျောင်းသူများကို ရွေးချယ်သည့် အခါ စာပေဘာသာရပ်များကိုသာ စစ်ဆေးအကဲဖြတ်ရုံတစ်ခုတည်း မဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ စာရိတ္တပိုင်းဆိုင်ရာ ကောင်းမွန်မှုကိုပါ စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြခြင်းပင်ဖြစ်ပါကြောင်း၊ မောင်တို့မယ်တို့သည် ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် အဆင့်ဆင့်စိစစ်မှုကို ကျော်ဖြတ်ပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများဖြစ်သည့် အတွက် ဂုဏ်ယူသည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ယခုနှစ် လူရည်ချွန်မောင်မယ်များကို ယခင်နှစ်များအတိုင်း နဝမတန်း လူရည်ချွန်များကို ရှေးဟောင်းအမွေအနှစ်ဒေသ ပုဂံမြို့၊ ဒသမတန်း လူရည်ချွန်များကို ရှမ်းပြည်နယ် တောင်ပေါ်ဒေသ တောင်ကြီးမြို့၊ ဧကာဒသမတန်း လူရည်ချွန်များကို ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေ ငွေဆောင်မြို့သို့ စေလွှတ်သလို ဒွါဒသမတန်း လူရည်ချွန်များကို ပင်လယ်ကမ်းခြေ ချောင်းသာ လူရည်ချွန်စခန်း အသီးသီးကို လေ့လာရေးခရီးစဉ် စေလွှတ်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စေလွှတ်ခြင်းအားဖြင့် ရည်ရွယ်ချက်ချမှတ်ခဲ့သည့်အတိုင်း လူရည်ချွန် မောင်မယ်များအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိခြင်း၊ အသိပညာ ဗဟုသုတများ ဖလှယ်နိုင်ခြင်းအပြင် လူရည်ချွန်စခန်း အခြေစိုက်ရာ ဒေသများ၏ ဒေသန္တရ ဗဟုသုတများရရှိခြင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့များ သိရှိနားလည်ပြီး မိမိနိုင်ငံနှင့် လူမျိုးအားချစ်မြတ်နိုးစိတ်၊ တန်ဖိုးထားထိန်းသိမ်းလိုစိတ်များ ကိန်းအောင်း ရှင်သန်လာစေမည်ဖြစ်ကြောင်း။

ယခုကဲ့သို့အဆင့်ဆင့်ကျော်ဖြတ်ပြီး ထူးချွန်ထက်မြက်သည့် လူရည်ချွန်များဖြစ်လာရန် ကာယ၊ ဉာဏ်စွမ်းအားများဖြင့် ကြိုးစားအားထုတ်ခဲ့သည့် မောင်မယ်များ အနေဖြင့် မိမိတို့၏ အားထုတ်ကြိုးပမ်းမှုများကို ဆက်လက်ထိန်းသိမ်းထားရန် လိုကြောင်း၊ ရှေ့ဆက်ပြီး အဖိုးတန်လူငယ်များ ဖြစ်စေရန်နှင့် မိမိနေထိုင်ရာ လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်ကောင်းများ အစဉ်အမြဲ ကိန်းအောင်းနေစေရန်လည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ **"မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည် အတွက် ကောင်းအောင်ကြိုးစား မည်"**ဆိုသည့် ကျောင်းကောင်စီ ကတိကဝတ်နှင့်အညီ မိမိကိုယ်တိုင် သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ အတွက်ပါ အကျိုးရှိသည့် စံပြ လူငယ်မောင်မယ်များ ဖြစ်အောင် ကြိုးပမ်းထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

လူငယ်မောင်မယ်များကို အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားတက်ကြွ ဖျတ်လတ်သည့်၊ သူတစ်ပါးကိုကူညီရန် အသင့်ရှိသည့်၊ လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်သည့်၊ လူ့စွမ်းအား အရင်းအမြစ်များ ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်ရန်၊ တစ်နည်းအားဖြင့် လူတော်လူကောင်းများ ဖြစ်ရန် ပြုစုပျိုးထောင်ပေးခြင်းသည် မောင်တို့မယ်တို့အနေဖြင့် ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်သွားနိုင်ကြရန်ပင် ဖြစ်ကြောင်း။

ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေး အလွန်အရေးကြီး

ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်ကြောင်း၊ ထိုအထဲမှ ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျကြောင်း၊ လူမှန်းသိတတ်စ အရွယ်ကတည်းက ကျောင်းတက် ပညာသင်ကြပြီး ဘဝရှေ့ရေး အတွက် အတတ်ပညာ အသိပညာ ပြည့်ဝအောင် ကြိုးစားကြရမည် ဖြစ်ကြောင်း၊ ပညာရေး အခြေခံ မကောင်းပါက မိမိအတွက်သော် လည်းကောင်း၊ မိမိဘဝ၊ မိသားစု ဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အခြေခံပညာ ကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့် အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ကြရပြီး ကျောင်းနှင့်ကင်းကွာ ပညာရေး နိမ့်ကျသည့် လူငယ်များမဖြစ်အောင် တာဝန်ရှိသူများ၊ မိဘများနှင့် ဆရာ ဆရာမများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်သည်ကို မှာကြားလိုကြောင်း။

စာမျက်နှာ ၅ သို့ ☆

- **လူရည်ချွန် ကျောင်းသား ကျောင်းသူများကို ရွေးချယ်သည့်အခါ စာပေဘာသာရပ်များကိုသာ စစ်ဆေးအကဲဖြတ်ရုံတစ်ခုတည်း မဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ စာရိတ္တပိုင်းဆိုင်ရာ ကောင်းမွန်မှုကိုပါ စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြခြင်းပင်ဖြစ်**
- **မောင်တို့မယ်တို့သည် ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် အဆင့်ဆင့်စိစစ်မှုကို ကျော်ဖြတ်ပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ ဖြစ်သည့်အတွက် ဂုဏ်ယူ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၄ မှ

ယခုကဲ့သို့ လူရည်ချွန်မောင်မယ်များနှင့် တွေ့ဆုံမှာကြားခိုက်တွင် ကျောင်းသား ကျောင်းသူများ စာသင်နှစ်ပြီးသဖြင့် အတန်းတက်ပြီး တန်းစဉ်ကူးပြောင်းသင်ယူကြရာတွင် ယခင်နှစ်များက သင်ကြားလိုက်သည့် သင်ခန်းစာများကို တစ်ပါတည်း သိရှိမှတ်သားသယ်ဆောင်ကြရန် မှာကြားလိုကြောင်း၊ နှစ်စဉ်သင်လိုက်သည့် စာများ၊ ပညာများကို မေ့ပျောက်မပစ်ဘဲ ဦးနှောက်ထဲတွင် စွဲစွဲမြဲမြဲ မှတ်သားမိနေပါမှ အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်သည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက အတန်းသာ အောင်၊ အသက်အရွယ်ကြီးမြင့်လာသော်လည်း ရှိသင့်ရှိထိုက်၊ ပြည့်စုံသင့် ပြည့်ဝထိုက်သည့် အသိပညာ၊ အတွေးအခေါ်၊ အယူအဆများ ရှိမလာနိုင်ခြင်းကြောင့် မိဘဆရာများက ပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပူးပေါင်းဆောင်ရွက်ထား

လူရည်ချွန် မောင်မယ်များ လေ့လာရေးခရီးစဉ်တစ်လျှောက် အေးချမ်းပျော်ရွှင်စွာ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ လေ့လာရေး၊ ရေမီး၊ လျှပ်စစ်နှင့် သန့်ရှင်းရေး၊ ဘေးကင်းလုံခြုံရေး၊ ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက ပူးပေါင်းဆောင်ရွက်ထားကြောင်း။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ သုံးထပ်ကွမ်း လူရည်ချွန် မောင်အောင်ကောင်းပြည့်က ဂါရဝပြုကျေးဇူးတင်စကား ပြောကြားစဉ်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

မောင်တို့ မယ်တို့ အနေဖြင့် မိမိတို့သက်ဆိုင်ရာ စုရုပ်စခန်းနှင့် စခန်းအသီးသီးသို့ သွားရာခရီးစဉ်တစ်လျှောက် စည်းကမ်းတကျနှင့် သွားလာရန်၊ မိမိကျောင်း၊ မိမိမြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကို ကောင်းမွန်သည့် ဂုဏ်သတင်းနှင့် ကိုယ်စားပြုနိုင်ရန်၊ စခန်းအသီးသီးကိုရောက်သည့်အခါတွင်လည်း ဒေသန္တရဗဟုသုတများကို လေ့လာမှတ်သားရန်၊ အချင်းချင်း ဗဟုသုတဖလှယ်ပြီး စည်းလုံးညီညွတ်စွာနေထိုင်ရန် မိမိတို့၏ကြီးကြပ် ဆရာ ဆရာမများ၏ အုပ်ထိန်းမှုအောက်တွင် စည်းကမ်းသေဝပ်စွာ နေထိုင်ပြုမူလုပ်ရှားရန်မှာကြားလိုကြောင်း၊ သို့မှသာ လူရည်ချွန်စီမံကိန်း အကောင်အထည်ဖော်ခြင်း၏ ရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင်စေမည်ဖြစ်သည်ကို ထပ်လောင်းအသိပေးပြောကြားလိုကြောင်း၊ အထူးသဖြင့် ခရီးစဉ်တစ်လျှောက် ကျန်းမာရေး ဂရုစိုက်ရန်နှင့် မိမိတို့နေရပ်သို့ ပြန်ရောက်သည့်အခါ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ဆောင်ရွက်နိုင်ကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

အထိမ်းအမှတ်အလံများပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၄ ခုနှစ် လူရည်ချွန် စခန်းအလိုက် အထိမ်းအမှတ် အလံများကို လူရည်ချွန် မောင်မယ်များထံ ပေးအပ်ပြီး လူရည်ချွန်မောင်မယ်များက အထိမ်းအမှတ်လက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ သုံးထပ်ကွမ်း လူရည်ချွန် မောင်အောင်ကောင်းပြည့်က ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ လူရည်ချွန်မောင်မယ်များက အထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အလင်းတစ်ခေတ်၏ အရင်းအမြစ်များကို မွေးဖွားခြင်း"ကဇာတ်ဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် လူရည်ချွန် မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်နှင့်လေကြောင်းလူငယ်များက "လူငယ်စွမ်းရည်" တေးသီချင်းဖြင့် လည်းကောင်း စုပေါင်းသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ လူရည်ချွန် မောင်မယ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လူရည်ချွန် မောင်မယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် ထူးချွန်လူငယ် မောင်မယ်များသည် ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန် မောင်မယ်များ၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်၊ ရေကြောင်းလူငယ်၊ လေကြောင်း လူငယ်များနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပေကျင်းရဲတက္ကသိုလ် သွားရောက်လေ့လာ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ဝန်ကြီးအဆင့် အစည်းအဝေး တက်ရောက်

နေပြည်တော် ဧပြီ ၂၆



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Wang Xiao Hong ၏ ဖိတ်ကြားချက်အရ ဧပြီ ၂၄ ရက်မှ ၂၉ ရက်အထိ မြန်မာ- တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်လျက်ရှိသည်။

ရောက်ရှိ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့သို့ ဧပြီ ၂၄ ရက်မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ဆက်လက်ထွက်ခွာရာ ဧပြီ ၂၄ ရက် ညပိုင်းတွင် ရောက်ရှိခဲ့သည်။ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Xu Datong ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်တို့က ကြိုဆိုခဲ့ကြသည်။

အဆိုပါ အလုပ်သဘောခရီးစဉ်အတွင်း ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းရဲတက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့သည်။

ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်း ဝေ့အန်းဟိုတယ် (Beijing Rui An Hotel) ၌ မြန်မာ–တရုတ် နှစ်နိုင်ငံ ဝန်ကြီးအဆင့် အစည်းအဝေးကို ကျင်းပရာ နှစ်နိုင်ငံလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသနေပြည်သူများ ဘေးကင်းလုံခြုံရေး၊ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများ အမြစ်ပြတ် ပယောက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု ပယောက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများကို ပူးပေါင်းတိုက်ဖျက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာ မျက်နှာစာတွင် နှစ်နိုင်ငံ အပြန်အလှန်ရပ်တည်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အတွက် ယွမ်ငါးသန်းတန်ဖိုးရှိ အကူအညီပေးအပ်ရေး စာလွှာကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံရပ်ခြားမှ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ အရာရှိကြီးများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနက ချီးမြှင့်ပေးအပ်သော အမြင့်ဆုံးဆုတံဆိပ်ဖြစ်သည့် Golden Great Wall Commemorative Medal ဆုတံဆိပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiao Hong က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အားပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ဆုတံဆိပ်ကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiao Hong ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးက တည်ခင်းဇည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂၆

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသော လူရည်ချွန်မောင်မယ်များ ဂုဏ်ပြုဖျော်ဖြေပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုဖျော်ဖြေ

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များက ခေတ်ပေါ်တေးသီချင်းများ၊ ဇာတိမာန်နှင့်မျိုးချစ်စိတ်ကို တက်ကြွစေမည့် တေးသီချင်းများ၊ တိုင်းကျိုးပြည်ပြု တေးသီချင်းများ၊ လူငယ်မောင်မယ်များ စိတ်ခွန်အားရရှိစေမည့် တေးသီချင်းနှင့် အကအလှများ၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးမှ နိုင်ငံကျော်ဟာသပညာရှင် ဒိန်းဒေါင်နှင့်အဖွဲ့က စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဟာသပျက်လုံးများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြရာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များ၊ ကင်းထောက်လူငယ်မောင်မယ်များ၊ ကြက်ခြေနီမောင်မယ်များ ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက စိတ်လက်ပေါ့ပါး တက်ကြွစွာ ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေပေးကြသည့် အနုပညာရှင်များနှင့်အတူ တပျော်တပါး ပါဝင်သီဆိုဆင့်နွဲ့ကြသည်။

ထို့ပြင် လူရည်ချွန်မောင်မယ်များကလည်း တေးသီချင်းများဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ပေါ့ပါးလွတ်လပ်စွာ ပါဝင်သီဆိုဖျော်ဖြေကြရာ ပရိသတ်များက တစ်ခဲနက် အားပေးကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များ၏ “လတ်တီး” နှင့် “တောင်ယာဝင်ချိန်” တေးသီချင်း သီဆိုမှုနှင့်အတူ မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကခုန်ကြကာ ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ပေးအပ်

ယမန်နေ့ ညနေပိုင်းကလည်း မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန(၂)၌ လူရည်ချွန်ကျောင်းသား ကျောင်းသူများအား “တားဆီးကာကွယ်မီဒီယာအဆိပ်သင့်မှုအန္တရာယ်” Video Clip နှင့် “နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ” Video Clip တို့ကို ပြသခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က MRTV DTH စလောင်း အစုံ ၃၀ နှင့် DVB T2 Set Top Box အလုံးရေ ၁၅၀ တို့ကို ကံစမ်းမဲဖောက်ကာ မဲပေါက်ကြသည့် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များ၊ ကင်းထောက်လူငယ်မောင်မယ်များနှင့် ကြက်ခြေနီမောင်မယ်များအား ပေးအပ်ခဲ့ကြသည်။

သတင်းစဉ်

နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒစကားတွေက ကျွန်တော်တို့အတွက်အရေးကြီးပြီး အကျိုးကျေးဇူးတွေအများကြီးရရှိစေပါတယ်

မောင်ဟိန်းလင်းထက် (ဒွါဒသမတန်း၊ နှစ်ထပ်ကွမ်းလူရည်ချွန်၊ ရန်ကုန်တိုင်းဒေသကြီး)

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသော နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူရည်ချွန်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၅၄ ဦးတို့အား ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တွေ့ဆုံကာ ဩဝါဒစကားမြွက်ကြားခဲ့သည်။

ထို့ပြင် လူရည်ချွန်မောင်မယ်များ အသိပညာ၊ အတတ်ပညာများတိုးပွားစေပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုပြခန်းများကို ခင်းကျင်းပြသထားရှိရာ လူရည်ချွန်မောင်မယ်များ စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထို့ကြောင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ လူရည်ချွန် မောင်မယ်များနှင့် တွေ့ဆုံ၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဩဝါဒမြွက်ကြားခဲ့မှုအပေါ် ရရှိခဲ့ကြသည့် အသိပညာဗဟုသုတများနှင့် ပြခန်းများခင်းကျင်းပြသမှုအပေါ် ၎င်းတို့၏ ဝမ်းသာဝီတိစကားသံများကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။

ဒေါက်တာစိုးဝင်း

မောင်ဟိန်းလင်းထက်

မောင်လူမော်အောင်

မအိလဲ့လဲ့ကျော်

မဝေဝေလှိုင်

မရွှေရတီချို

မထက်ဆုဝန်း

ဒေါက်တာစိုးဝင်း (အမြဲတမ်းအတွင်းဝန်၊ပညာရေးဝန်ကြီးဌာန)

ဒီနှစ်မှာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူရည်ချွန် စုစုပေါင်း ၅၅၄ ဦး ရွေးချယ်ခဲ့ပါတယ်။ အရွေးချယ်ခံရတဲ့ လူရည်ချွန်တွေဟာ အခြေခံပညာ အဆင့်က လူရည်ချွန်တွေပဲဖြစ်ပါတယ်။ ဒီလူရည်ချွန်တွေမှာ အတန်းပညာအားဖြင့် ကိုးတန်း၊ ၁၀တန်း၊ ၁၁တန်းနဲ့ ၁၂တန်းတွေပါဝင်ပါတယ်။ လူရည်ချွန်တွေရွေးချယ်တဲ့အခါ စာတော်ရုံတင်မက ဗဟုသုတပိုင်းမှာလည်း ကြွယ်ဝရပါမယ်။ အားကစားပိုင်းမှာလည်း ထူးချွန်ရပါမယ်။ အခုရွေးချယ်ခဲ့တဲ့ လူရည်ချွန်တွေဟာ ဘက်စုံထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့ဘဝကိုလျှောက်လှမ်းတဲ့အခါမှာ စာတော်ရုံတင်မက ပေါင်းသင်းဆက်ဆံရေးလည်း ကျွမ်းကျင်ရပါမယ်။

လူရည်ချွန်တွေ စခန်းတွေကို လေ့လာရေးသွားတဲ့အခါမှာလည်း အသိပညာ ဗဟုသုတတွေနဲ့ ဒေသန္တရဗဟုသုတ များစွာရရှိလာကြမှာဖြစ်ပါတယ်။ နောက်ပြီး တိုင်းပြည်နဲ့ လူမျိုးချစ်စိတ်တွေလည်း တိုးပွားလာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ လက်ရှိတော့ လူရည်ချွန်တွေကို နေပြည်တော် စုရပ်စခန်းမှာ စုစည်းပြီး နေပြည်တော်က အထင်ကရနေရာတွေကို လေ့လာရေးပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒီနေ့လို အခမ်းအနားတွေ ပြုလုပ်ပေးခြင်းအားဖြင့် လူငယ်တွေအတွက် အသိပညာပိုင်းရော ဉာဏ်ပညာပိုင်းရော ပြည့်စုံသွားမှာဖြစ်ပါတယ်။ ဒီလို ပြည့်စုံသွားရင် တိုင်းပြည် တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

မောင်ဟိန်းလင်းထက် (ဒွါဒသမတန်း၊ နှစ်ထပ်ကွမ်းလူရည်ချွန်၊ရန်ကုန်တိုင်းဒေသကြီး)

အခုလို နှစ်ထပ်ကွမ်းလူရည်ချွန် တစ်ယောက်ဖြစ်အောင် ကျောင်းဆရာ ဆရာမတွေနဲ့ မိဘတွေက အထောက်အပံ့တွေ အများကြီးပေးခဲ့ပါတယ်။ ကျောင်းက ဆရာဆရာမတွေက ကြိုးစားချင်စိတ်ရှိလာအောင် ကြိုးကြိုးစားစားသင်ကြားပြသပေးခဲ့ပါတယ်။ လူရည်ချွန်ဖြစ်ဖို့အတွက် စာပေ၊ အားကစား၊ စာရိတ္တနဲ့ ပြည်သူ့နီတိ၊ ဗဟုသုတ၊ ဂွဲ၊ လုံ့လ၊ ဝီရိယတွေ အများကြီး စိုက်ထုတ်ခဲ့ရပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒစကားတွေက ကျွန်တော်တို့အတွက် အရေးကြီးပြီး အကျိုးကျေးဇူးတွေအများကြီးရရှိစေပါတယ်။ ဝန်ကြီးဌာနတွေရဲ့ ပြခန်းတွေကလည်း ကျွန်တော်တို့အတွက် အရေးကြီးတဲ့ ဗဟုသုတတွေ၊ သိမှတ်ဖွယ်ရာတွေကို ပြသထားတဲ့အတွက် နိုင်ငံတော်အတွက် အစိုးရက ဘယ်လိုဆောင်ရွက်ပေးနေတယ်ဆိုတာတွေကို သိခွင့်ရလိုက်ပါတယ်။ ဘယ်အခန်းကဏ္ဍတွေမှာ လူငယ်တွေအနေနဲ့ ပါဝင်ဆောင်ရွက် သင့်သလဲဆိုတဲ့ အချက်တွေ၊ ဝန်ကြီးဌာနတွေရဲ့ လုပ်ဆောင်ချက်တွေကိုလည်း လေ့လာခွင့်ရပါတယ်။ ကျွန်တော်တို့ကလည်း ကျွမ်းကျင်ရာ ကဏ္ဍကနေ ဘယ်လိုပါဝင်ဆောင်ရွက်ပေးသင့်တယ်၊ နိုင်ငံတော်အတွက် ဘယ်လိုအားဖြည့်ပေးသင့်တယ်ဆိုတာကို ဒီပြခန်းတွေကနေတစ်ဆင့် လေ့လာသိရှိခွင့်ရပါတယ်။ ကျွန်တော့်ဝါသနာနဲ့ ထပ်တူကျတဲ့ ပြခန်းကတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်းပဲ ဖြစ်ပါတယ်။ ဒီပြခန်းက ကျွန်တော် ဆက်လျှောက်မယ့် အနာဂတ်အတွက် အထောက်အပံ့တစ်ခု ဖြစ်မယ်ဆိုတာ ယုံကြည်ပါတယ်။ ဒီဝန်ကြီးဌာနက နိုင်ငံတကာ အဆင့်အတန်းမီအောင်လည်း ကြိုးစားနေတဲ့အတွက် အခုပြသထားတဲ့ ပြခန်းက ကျွန်တော့်အတွက် ကြီးမားတဲ့ အထောက်အကူရရှိစေပါတယ်။

မောင်လူမော်အောင် (ဒွါဒသမတန်း၊ သုံးထပ်ကွမ်းလူရည်ချွန်၊မကွေးတိုင်းဒေသကြီး)

လူရည်ချွန် တစ်ယောက်ဖြစ်ချင်တယ်ဆိုရင် ယေဘုယျကတည်းက ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်ဓာတ်ရယ်၊ ကြိုးစားသင်ယူချင်စိတ်ရယ် ရှိရမယ်လို့ထင်ပါတယ်။ ညီလေး ညီမလေးတွေအနေနဲ့ လည်း လူရည်ချွန်တစ်ယောက် ဖြစ်ချင်တယ်ဆိုရင် ဖြစ်ရမယ်ဆိုတဲ့ စိတ်ထားပြီး ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒစကားတွေက ကျွန်တော်တို့အတွက် မှတ်သားစရာတွေနဲ့ စိတ်ခွန်အားတွေ ရရှိစေပါတယ်။ ဒီဩဝါဒစကားတွေကို မှတ်သားထားပြီး ကိုယ့်ဒေသပြန်ရောက်တဲ့အခါမှာ ပြန်လည် မျှဝေသွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေက ပြသထားတဲ့ ပြခန်းတွေက ကျွန်တော်တို့အတွက် များစွာအထောက်အကူဖြစ်စေပါတယ်။ ကျွန်တော်က အနာဂတ်မှာ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ချင်တဲ့အတွက် ကျန်းမာရေးပြခန်းကို ဦးစားပေးလေ့လာဖြစ်ပါတယ်။ ညီလေး ညီမလေးတွေကိုလည်း လူရည်ချွန်ဖြစ်စေချင်ပါတယ်။ အဲဒီမှာ လူရည်ချွန်ဆိုတာ နိုင်ငံတော်အတွက် ဘယ်လောက်ထိ အထောက်အပံ့ ဖြစ်စေနိုင်တယ်ဆိုတာ သိရှိသွားမှာ ဖြစ်ပါတယ်။

မအိလဲ့လဲ့ကျော်(နဝမတန်း၊ လူရည်ချွန်၊ ရှမ်းပြည်နယ်)

ဒီနေ့ အခမ်းအနားကို တက်ရောက်ရတဲ့အတွက် ကျွန်မအနေနဲ့ အလွန်ကိုဝမ်းသာဂုဏ်ယူရပြီး ဘဝအတွက် ကောင်းမွန်တဲ့ အသိပညာဗဟုသုတတွေ ရရှိခဲ့ပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြား ဝန်ကြီးဌာနအလိုက် ပြခန်းတွေ ပြသထားတာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ပြခန်းတွေအလိုက် စိတ်ဝင်တစား လိုက်လံကြည့်ရှုခဲ့ပြီး မသိရှိရသေးတဲ့အကြောင်းအရာတွေ အများကြီးသိရှိခွင့်ရခဲ့ပါတယ်။ ကျွန်မသိရှိခဲ့တဲ့ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတတွေကို ကျွန်မဒေသရောက်ရင်လည်း ပြန်လည်မျှဝေသွားမယ်လို့ စိတ်ကူးထားပါတယ်။ လူရည်ချွန်တစ်ယောက် ဖြစ်ဖို့အတွက် မလွယ်ကူပါဘူး။ စာသင်နှစ်စကနေ ကြိုးစားအားထုတ်ခဲ့ရပါတယ်။ ကိုယ်ကာယ ကြံ့ခိုင်ရေးအတွက်လည်း လေ့ကျင့်ခဲ့ရပါတယ်။ အခုလို ကြိုးစားခဲ့ပြီး လူရည်ချွန်တစ်ယောက်ဖြစ်လာခဲ့တဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

မဝေဝေလှိုင်(နဝမတန်း၊ လူရည်ချွန်၊ ကချင်ပြည်နယ်)

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးရဲ့ ဩဝါဒစကားတွေဟာ ကျွန်မတို့လျှောက်လှမ်းရမယ့် ဘဝအတွက် အထောက်အကူများစွာ ဖြစ်စေပါတယ်။ ဒီဆုံးမစကားတွေကို မှတ်သားထားပြီး ကျွန်မကိုယ်တိုင် လိုက်နာ ကျင့်သုံးမယ့်အပြင် မောင်လေး ညီမလေးတွေကိုလည်း ပြန်လည်မျှဝေပေးသွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနပြခန်းတွေ ပြသထားတဲ့အတွက်လည်း ကျွန်မ မသိရှိသေးတဲ့ နိုင်ငံရဲ့အကြောင်းတွေကို များစွာသိရှိခွင့်ရခဲ့ပါတယ်။ နေပြည်တော်ကိုလည်း အခုမှ ပထမဆုံးရောက်ဖူးပြီး အထင်ကရနေရာတွေကို လေ့လာခွင့်လည်း ရခဲ့တဲ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတတွေရရှိခဲ့ပါတယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့ သေချာလေးကြိုးစားခဲ့ရပါတယ်။ ဒါကြောင့် မောင်လေး ညီမလေး တွေလည်း ကြိုးစားရင် လူရည်ချွန်တစ်ယောက် ဖြစ်လာနိုင်ပါတယ်။

မရွှေရတီချို(နဝမတန်း၊ နှစ်ထပ်ကွမ်းလူရည်ချွန်၊ ရှမ်းပြည်နယ်)

ကျွန်မအနေနဲ့ အခုလို နိုင်ငံတော်အဆင့် အခမ်းအနားကို တက်ရောက်ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရဲ့ ဩဝါဒကို ခံယူရတဲ့အတွက် များစွာ ကျေနပ်မိပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒစကားကို သေချာမှတ်သားပြီး ပြန်လည်ကျင့်သုံးမှာ ဖြစ်ပါတယ်။ ကျွန်မက နှစ်ထပ်ကွမ်းလူရည်ချွန် ဖြစ်တဲ့အတွက် မနှစ်ကလည်း ဒီလိုအခမ်းအနားကို တက်ရောက်ဖူးပါတယ်။ ဒီနှစ်အခမ်းအနားကတော့ လွန်စွာခမ်းနားထည်ဝါတယ်လို့ ထင်မြင်မိပါတယ်။ ဝန်ကြီးဌာနအလိုက် ပြခန်းတွေ ပြသထားတာကို တွေ့မြင်ရပါတယ်။ ပြခန်းတွေ စုံစုံလင်လင် ပြသထားတာကို တွေ့ရတဲ့အတွက် အသိအမြင်ဗဟုသုတွေ များစွာ ရရှိခဲ့ပါတယ်။ တချို့ ပြခန်းတွေက နည်းပညာပြကွက်တွေဆို ကျွန်မဘဝမှာ မမြင်ဖူးခဲ့တဲ့အတွက် အသိပညာတွေ တိုးခဲ့ပါတယ်။ လူရည်ချွန်ဆိုတာ နိုင်ငံရဲ့ သားကောင်းရတနာတွေဖြစ်တဲ့အတွက် နောင်မျိုးဆက်သစ်တွေအနေနဲ့လည်း ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်။

မထက်ဆုဝန်း(နဝမတန်း၊ လူရည်ချွန်၊ တနင်္သာရီ တိုင်းဒေသကြီး)

တစ်နိုင်ငံလုံးမှာရှိတဲ့ ထူးချွန်ထက်မြတ်သူတွေနဲ့ တွေ့ဆုံရတဲ့အတွက် ဝမ်းသာဂုဏ်ယူရပါတယ်။ ဒီလိုအခမ်းအနားမှာ နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းတွေကိုလည်း တွေ့ဆုံခွင့်ရလို့ အားကျအတုယူသွားမှာ ဖြစ်ပါတယ်။ ကျွန်မက တောင်ကြီး လူရည်ချွန်စခန်းသွားရောက်မှာ ဖြစ်တဲ့အတွက် ဒေသန္တရ ဗဟုသုတတွေ၊ အင်းလေးဒေသရဲ့ လှေလှော်နည်းတွေကို လေ့လာရမယ်လို့ ထင်ပါတယ်။ ဒီနေ့အခမ်းအနားမှာ နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒစကားတွေကလည်း ကျွန်မတို့ ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ စကားတွေပဲ ဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေက ပြသထားတဲ့ ပြခန်းတွေအားလုံးက ကျွန်မတို့အတွက် အကျိုးကျေးဇူးတွေ များစွာရရှိပါတယ်။ ကျွန်မ အတွက်ကတော့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ပြခန်းကို အကြိုက်နှစ်သက်ဆုံး ဖြစ်ပါတယ်။ ကျွန်မက ယဉ်ကျေးမှုတွေကို မြတ်နိုးသူဖြစ်တဲ့အတွက် အခုလို လေ့လာခွင့်ရတာဟာ ဝမ်းသာဂုဏ်ယူ စရာဖြစ်ရပါတယ်။ အသက်မွေးဝမ်းကျောင်းအတွက် ဝါသနာပါတဲ့ ပြခန်းကတော့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနပဲဖြစ်ပါတယ်။ ဒီလို ပြခန်းတွေ ပြသပေးတဲ့အတွက် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဒေသန္တရ ဗဟုသုတတွေ၊ ဝန်ကြီးဌာနတွေရဲ့ လုပ်ငန်းတာဝန်တွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတဲ့ အကျိုးကျေးဇူးတွေ အများကြီးရရှိပါတယ်။

တွေ့ဆုံမေးမြန်း-မျိုးဆက်သစ်
ဓာတ်ပုံ-နော်ပြည့်စုံ

■

သုတ၊ ရသ စာများကို လက်ခံထားရှိသော ဘဏ်တိုက်များ သို့မဟုတ် စာကြည့်တိုက်များ

တက္ကသိုလ်မြတ်သူ

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းက ဂန္ဓဝင်မြောက်စံတင်လောက်သော ရသစာ၊ သုတစာ၊ တရားဓမ္မစာများ ရေးသားသော ရဟန်းစာဆို၊ လူစာဆို၊ နန်းတွင်းစာဆို၊ နန်းပြင်အရပ်ဘက်စာဆို၊ အမျိုးသားစာဆို၊ အမျိုးသမီးစာဆိုများ ထွန်းကားခဲ့သည်။ ဘာသာတရားဆိုင်ရာ လောကုတ္တရာစာပေ၊ ပိဋ္ဌကတ်စာပေ၊ ပရိယတ်စာပေများလည်း ထွန်းကားခဲ့သည်။ စက္ကူ၊ ကလောင်တံ၊ ဖောင်တိန်၊ ခဲတံ၊ ဘောပင်မပေါ်မီကပင် ပေရွက်ပုရပိုက်၊ စက္ကူပုရပိုက်၊ သစ်သားပုရပိုက်၊ ကျောက်သင်ပုန်းများပေါ်တွင် ကညစ်တံ၊ ကံ့ကူဆံ၊ ခဲတံ၊ ကျောက်တံ စသည်တို့ဖြင့် စာရေးခဲ့ကြသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အား တွေ့ရစဉ်။

တရားဓမ္မ၊ ပိဋ္ဌကတ်စာပေကျမ်းဂန်များကို တစ်နေရာတည်း စုဆောင်းလေ့ရှိသည်ကို ပိဋ္ဌကတ်တိုက်များဟု တွင်ခဲ့သည်။ လောကီ-လောကုတ် နှစ်ဖြာသော အကြောင်းအရာများကို ရေးသားသော ပေပုရပိုက်၊ စက္ကူပုရပိုက်၊ စာအုပ်များ စုဆောင်းသိုမှီးထားသည်ကို စာကြည့်တိုက်ဟု တွင်ခဲ့သည်။ ယနေ့ ကမ္ဘာ့နိုင်ငံများစွာနှင့် မြန်မာနိုင်ငံတို့တွင်လည်း ပိဋ္ဌကတ်တိုက်၊ စာကြည့်တိုက်များပေါများ ထွန်းကားလာခဲ့သည်။

စာကြည့်တိုက်ဟူသည် ငွေကြေးများ အပ်နှံထားရှိပြီး လိုအပ်သလို ထုတ်ပေးသော၊ ထုတ်ချေး(ငှား)သော ဘဏ်တိုက်များကဲ့သို့ပင် သုတ၊ ရသစာပေ စာအုပ်မျိုးစုံ စုဆောင်းသိုမှီးထားရာ နေရာများ ဖြစ်၍ စာပေဘဏ်တိုက်၊ ရသ၊ သုတ ဘဏ်တိုက်များဟုပင် တင်စားနိုင်ပေသည်။ နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို တတိယအကြိမ် ကျူးကျော်တိုက်ခိုက်ခဲ့သော နယ်ချဲ့စစ်ပွဲအပြီး ၁၈၈၅ ခုနှစ်တွင် မန္တလေးနန်းတော်အနှံ့နှင့် နိုင်ငံအနှံ့မှ ဘုရားကျောင်းကန်အပါအဝင် စေတီပုထိုး ဌာပနာတိုက်များကိုပါ ဖောက်ထွင်းပြီး နယ်ချဲ့တပ်မှ စစ်ဗိုလ်၊ စစ်သားများ အဖိုးတန် ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ ပတ္တမြား ရတနာများ အလုအယက်အပြိုင်ရှာယူခဲ့ကြသည်။ နန်းတွင်းမှ မှူးမတ်သေနာပတိတို့၏ နန်းတွင်းညီလာခံတက်၊ လွှတ်ရုံးတက်ဝတ်စုံ၊ ဘောင်းနားဇွောင်း၊ ရွှေစလွယ်များကိုလည်း အလုအယက်ရှာဖွေ၍ ကိုယ်ရကိုယ်ယူလုပ်ခဲ့ကြသည်။ ဝန်ကြီးမှူးမတ်တို့၏ ဝတ်စုံ၊ ရွှေစလွယ်စသည့်အဆောင်အယောင်များကို ရှာဖွေယူကြရုံမက အနှောင့်များတွင် ရွှေချထားသော ဓမ္မသတ်ကျမ်း ပုရပိုက်များ၊စာကဗျာပုရပိုက်များကို ရွှေပြားများထင်ပြီး အလုအယက်ယူကြပြီးမှ ရွှေပြားပုရပိုက်မဟုတ်မှန်းသိ၍ လမ်းပေါ် အမှိုက်ပစ်သလို ပစ်ထားလိုက်ကြသည်။

ပုရပိုက်များကို လှည်းအစီး ၄၀ ဖြင့် သယ်ထုတ်ယူခဲ့ရ

ထိုသို့ မွှေနှောက်ဖျက်ချိုးပစ်ချထားသော အနှောင့်ရွှေချပေပုရပိုက်များကို လုယက်ပွဲအပြီး မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ၁၀ ရက်ကြာ မီးရှို့ဖျက်ဆီးရာတွင် မီးမသင့်ကျန်ရစ်သော ပုရပိုက်များကို ပုဂံဝန်ထောက်မင်း ဦးတင်တို့က စုစည်းသိမ်းကျုံးပြီး လှည်းအစီး ၄၀ ဖြင့် သယ်ထုတ်ယူခဲ့ရသည်ကိုလည်း မှတ်တမ်းများ၌ တွေ့ရပေသည်။ ဤသည်မှာ ရှေးရှေးမြန်မာများမှအစ စာများ၊ ပေများကို တန်ဖိုးထားမြတ်နိုးသိမ်းဆည်းကာ ဖတ်ရှုလေ့လာသော အလေ့အထ ပိုကြီးထွားလာခဲ့သည်။ ထိုပုရပိုက်ကျန်ကောင်းကျန်ရာများသည် နောက်ဆုံးမြန်မာတို့၏ အမျိုးသားစာကြည့်တိုက်သို့ ရောက်တန်သရွေ့ ရောက်လာခဲ့၍ ပုဂံဝန်ထောက်မင်း ဦးတင်တို့ကို ကျေးဇူးတင်ရသေးသည်။

> **“စာဖတ်လျှင် စာ၏အရသာ(စာဖတ်၍ ရရှိသောခံစားမှုအရသာ)ကိုလည်း ခံစားနိုင်သည်။ မသိသေးသော (သိသော်လည်းမေ့လျော့နေသော) အထိ၊ အတွေ့အကြောင်းခြင်းရာတို့ကို စာဖတ်သူတို့ အကျိုးအမြတ်ရယူနိုင်ပေသည်။ စာမျိုးစုံသည် ရသမျိုးစုံပါရှိ၏။။ သုတမျိုးစုံပါရှိ၏။။ တွေးစရာ၊ သိစရာ၊ ဆင်ခြင်စရာ၊ ရှောင်ရန် ဆောင်ရန် အကြောင်းအရာ အချက်အလက်များပါရှိ၏”**

ထိုမှနောက် အထက်အညာကျေးရွာများ၊ သစ်တောကြိုးဝိုင်းများအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာပေဝါသနာရှင် အစုအဆောင်းကောင်းသူများထံတွင် ရှေးရှေးဂန္ဓဝင် မြန်မာစာပေပုရပိုက်များတွေ့ရှိရ၍ စာကြည့်တိုက်များ တိုးတက်ဖွင့်လှစ်လာကြသည်။ ရေ၊ မီး၊ ခိုးသူ၊ လေ စသည့် ရန်အန္တရာယ်များ ဝါးမျိုဖျက်ဆီးခံရသော စာပေများ၊ စစ်ဒဏ်၊ ဗုံးဒဏ်၊ အမြောက်ဒဏ်တို့ဖြင့် မီးလောင်ပျက်စီးခဲ့ရသော မြန်မာ့ဂန္ဓဝင် စာပေစာအုပ်များ၊ ပုရပိုက်များလည်း မနည်းလှပေ။ သို့တိုင် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်၊ ရုံးဌာနစာကြည့်တိုက်၊ ရပ်ကွက်၊ မြို့ရွာအလိုက် စုပေါင်းဖွင့်ကြသော စာကြည့်တိုက်၊ စာပေကိုမြတ်နိုးတန်ဖိုးထားပြီး စုဆောင်းသူတို့၏ ကိုယ်ပိုင်စာကြည့်တိုက်များ တိုးပွားလာခဲ့ပေသည်။ ယင်းရှိသမျှ စာကြည့်တိုက်များမှ စာအုပ်စာပေများ၊ သတင်းစာ၊ သတင်းလွှာများ ဖတ်ရှုလေ့လာ၍ ရေးသားပြုစုသော သုတေသီတို့၏ စာအုပ်များ၊ စာရေးဆရာ၊ သတင်းစာဆရာတို့၏ စာအုပ်စာတမ်းများ၊ ကျောင်းသားကျောင်းသူ၊ သင်တန်းတက်သူတို့၏ လေ့လာပြုစုသော စာတမ်း(စာအုပ်များ) လည်း တိုးပွားလာခဲ့သည်။

ဝေဿန္တရာစာဘဏ်တိုက်များ

ငွေကြေးဆိုင်ရာ ဘဏ်တိုက်များ သည်ကား စာရင်းသေ၊ စာရင်းရှင် ငွေစုဘဏ်စာရင်းစာအုပ်တို့၏ အပ်နှံထားသော ငွေကြေးများကို လုံခြုံစိတ်ချရစွာ ထိန်းသိမ်းပေးထားပြီး လိုအပ်သလို ထုတ်ယူနိုင်၊ သွင်းအပ်နိုင်၊ ချေးယူနိုင်ကြသဖြင့် နိုင်ငံတို့၏ ငွေကြေးလည်ပတ်မှု ယန္တရားများ အရှိန်ကောင်းခဲ့ပေသည်။ ထိုဘဏ်ငွေများမှာ ကိုယ်အပ်ထားသော ငွေကို အလွယ်တကူပြန်လည်ထုတ်ယူနိုင်ခြင်း၊ ဘဏ်မှသတ်မှတ်ထားသော အတိုးရငွေများ တိုးပွားလာခြင်း၊ စည်းမျဉ်းစည်းကမ်းအရ ဘဏ်တိုးပေး၍ ထုတ်ချေးအသုံးပြုနိုင်ကြပေသည်။ သုတ၊ ရသ စာပေဘဏ်ဟုဆိုရသည့် စာကြည့်တိုက်များ၌ ကိုယ်စာအုပ်စာတမ်းပေးလျှူထားခြင်း(ပေးအပ်ထားခြင်း) မရှိသူများပင် လျှင် စည်းကမ်းတကျ ကြိုက်ရာစာအုပ်ကို ငှားယူဖတ်ရှုနိုင်ကြပေသည်။ ထိုဘဏ်တိုက်(၀ါ) စာကြည့်တိုက်များကိုဝေဿန္တရာ စာဘဏ်တိုက်များဟုပင် ဆိုနိုင်ပေသည်။

စာဖတ်လျှင် စာ၏အရသာ(စာဖတ်၍ ရရှိသောခံစားမှုအရသာ)ကိုလည်း ခံစားနိုင်သည်။ မသိသေးသော (သိသော်လည်းမေ့လျော့နေသော) အထိ၊ အတွေ့အကြောင်းခြင်းရာတို့ကို စာဖတ်သူတို့ အကျိုးအမြတ်ရယူနိုင်ပေသည်။ စာမျိုးစုံသည် ရသမျိုးစုံပါရှိ၏။။ သုတမျိုးစုံပါရှိ၏။။ တွေးစရာ၊ သိစရာ၊ ဆင်ခြင်စရာ၊ ရှောင်ရန် ဆောင်ရန် အကြောင်းအရာ အချက်အလက်များ ပါရှိ၏။။

ထိုသို့ စာမှရရှိသော စာသိများသည် ပညာအသိမြင်လာပေရာ ပညာအသိကိုယ်စီရှိခဲ့ကြလျှင် မကောင်းမှုမှန်သမျှ အနိဋ္ဌာရုံမှန်သမျှ ရှောင်နိုင်ကြသည်။ ကောင်းမှုမှန်သမျှ ဣဋ္ဌာရုံမှန်သမျှ ရယူအသုံးပြုနိုင်ကြပေမည်။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့မှစ၍ နာဂစ်မုန်တိုင်းကြီး တိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး (မြစ်ဝကျွန်းပေါ်) မှ မြို့နယ်များ၊ ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ်များစွာ ထိခိုက်ပျက်စီးခဲ့သည်။ မိုးလေဝသဌာနမှ နာဂစ်မုန်တိုင်း အခြေအနေကို အချိန်နှင့်အမျှ ကြေညာခဲ့၊ သတိပေးခဲ့သည်။ နိုင်ငံပိုင်သတင်းမီဒီယာများ (သတင်းစာ၊ အသံလွှင့် ရေဒီယိုသတင်း၊ ရုပ်မြင်သံကြားသတင်း) တို့မှ ကြေညာပေးခဲ့သည်။ ရေဒီယိုသတင်း၊ ရုပ်မြင်သံကြား သတင်းများကိုလည်း နားမထောင်(နားမဝင်)၊ သတင်းစာများကိုလည်းမဖတ်(မသိကျိုးကျွန်ပြုခဲ့ကြ၍) ပျက်စီးသင့်သည်ထက် အဆများစွာသော အိုးအိမ်အဆောက်အအုံများ၊ လှေသမ္ဘန် မော်တော်များ ပျက်စီးခဲ့သည်။ သတင်းကို ကျောခိုင်းထား၍ မသေသင့်ဘဲ သေဆုံးရသူ တစ်သိန်းကျော်ခဲ့သည်။

ဤသည်မှာ ထင်ရှားသော သတင်းအသိဟူသည် မသိမဖြစ် သတင်းနားထောင်ခြင်း၊ သတင်းကို ဖတ်ရှုခြင်း(အလေးပေးခြင်း) မပြု၍ မသေသင့်ဘဲသေ၊ မပျက်စီးမဆုံးရှုံးသင့်ဘဲ ပျက်စီးဆုံးရှုံးခဲ့ရသော သင်ခန်းစာကား အလွန်တရာအဖိုးတန်ပေသည်။ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းသတင်းများကိုကား သတင်းမီဒီယာများက ကြိုတင်သတိပေးကြေညာခဲ့ပေသည်။ နိုင်ငံတော်အစိုးရအကြီးအကဲများက ထိုသတင်းကို မသိသိအောင်ပေးခဲ့၊ ကြိုတင်ကာကွယ်ရေးလုပ်ခဲ့သဖြင့် လူအသေအပျောက် အလွန်တရာ လျော့နည်းခဲ့သည်။ ကြိုတင်ကာကွယ်ပြင်ဆင်လှုပ်ရှားမှု၊ မုန်တိုင်းနှင့်အပြိုင် ကယ်ဆယ်စောင့်ရှောက်မှု၊ မုန်တိုင်းဒဏ်သင့်မြို့ရွာများကို မူလအနေအထားထက်ပင် ပိုမိုသာလွန်ကောင်းမွန်စေရမည်ဟူသော သန္ဓိဋ္ဌာန်ဖြင့် အားကြိုးမာန်တက် ကြီးကြပ်ဆောင်ရွက်ပေးမှု၊

စာမျက်နှာ ၉ သို့ ❖

> **“စာအုပ်စာပေလူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ စသော ကြွေးကြော်သံဆောင်ပုဒ်များ၊ ရှေးရှေးရဟန်းစာဆို၊ လူစာဆိုတို့၏ စာသိ သိရန်၊ ပညာသိ သိရန် စာပေများဖတ်ရှုသင့်ကြောင်း ညွှန်ပြသော၊ ဆုံးမသွန်သင်သော ပျို့လင်္ကာ၊ စကားပြေများတွင် စာဖတ်ရန် လူသားမှန်သမျှ နိုင်ငံသားပြည်သူမှန်သမျှကို လမ်းပြခဲ့ကြသည်မှာ များလှချေသည်။ စာပေဟူသည် ပေပုရပိုက်ခေတ်ကတည်းက စတင်ထွန်းကားသော ဂန္ဓဝင် မြန်မာပျို့ကဗျာ၊ လင်္ကာများ၊ ဇာတ်ဝတ္ထုများ၊ ပြဇာတ်များ၊ သုတကျမ်းများ၊ လောကသာရပျို့၊ ပုတ္တောဝါဒပျို့၊ စာနကျနိတ စသည့် လောကီသုတစာများမှာသာမက ဘုရားဟောတရားဓမ္မ ပိဋ္ဌကတ်စာပေများကပါ လမ်းကောင်းညွှန်ပြ ဒုစရိုက် အကုသိုလ်၊ ပါပလုပ်ရပ်များရှောင်၍ သုစရိုက် ကုသိုလ်အခြေပြုသော လုပ်ရပ်များ ညွှန်ပြပေသည်”**

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး Dr. Md. Monwar Hossain အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ စာအုပ်များလှူဒါန်း

နေပြည်တော် ဧပြီ ၂၆

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး Dr. Md. Monwar Hossain က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ စာအုပ်များလှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ Orientation ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး Dr. Md. Monwar Hossain၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးက အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ စာအုပ်များလှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ စာအုပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လတ်တလောဖွံ့ဖြိုးတိုးတက်မှုခရီးစဉ်ဆိုင်ရာ စာအုပ်များကိုလှူဒါန်းရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက စာအုပ်များ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ကာ အခမ်းအနားကို ရှုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

တောင်ကြီးမြို့နယ် ဇလဲ(အ.ထ.က)တွင် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

တောင်ကြီး ဧပြီ ၂၆

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ဇလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ တောင်ကြီးမြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် တောင်ကြီးခရိုင်လက်ထောက်ညွှန်ကြားရေးမှူးကိုယ်စား၊ ဦးစီးအရာရှိ ဦးသူရထိုက်အောင်က အဖွင့်အမှာစကားပြောကြားပြီး သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ ရေဝေရေလဲဒေသထိန်းသိမ်းရေးလုပ်ငန်းများအကြောင်းဟောပြောခြင်း၊ တောင်ကြီးမြို့နယ် ဦးစီးအရာရှိဦးမင်းအောင်ကျော်ဦးက သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများအကြောင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ နယ်မြေတာဝန်ခံတောအုပ်ကြီး ဦးတင်ဆန်းက သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်းဟောပြောခြင်းနှင့် လွယ်တော်သစ်တောပျိုးဥယျာဉ်တွင် ပျိုးထောင်ခြင်းလုပ်ငန်းစဉ်များအား ရှင်းလင်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်သစ်တော**

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁) ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါ ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ
၁။	စနစ်သစ် ကျောင်းသုံးသင်ထောက်ကူ အနုပညာ(ပန်းချီ) အဆင့်ဆင့်ရေးဆွဲနည်းစာအုပ်(မူလတန်းအဆင့်)	မင်းဦး(ဒဿန)	ဦးအောင်စိုး ခုနစ်စင်ကြယ်စာပေ
၂။	ခရီးသည်ဘယ်မှာ အိပ်ရှာလိမ့်	နေမျိုးနွယ်(သစ္စာမြေ)	ဦးစိုးလွင် သစ္စာရောင်ခြည်စာပေ
၃။	ကြံခဲ့ဖူးသော မြင်အပ်၊ မမြင်အပ်များ အကြောင်း	မင်းမော်	ဦးအာကာကျော် လမ်းပြကြယ်စာပေ
၄။	ဆေးစက်ကျရာနှင့် အရေးအသားများ	သားဦး	ဦးဘိုဘိုဝင်း နှင်းဆီဖြူစာပေ
၅။	မြန်မာစကားပုံနှင့်ဆိုရိုးစကား (ဒုတိယအကြိမ်)	ပညာကျော်	ဦးသန်းဆွေ Unity Publishing House

ပြန်ကြားရေးဝန်ကြီးဌာန

❖ **စာမျက်နှာ ၈ မှ**

စေတနာရှင်ပြည်သူများနှင့် ပြင်ပမိတ်ဆွေနိုင်ငံများ၏ ထောက်ပံ့ရိုင်းပင်းကူညီမှုကြောင့် စစ်တွေအပါအဝင် မိုခါမုန်တိုင်းဒဏ်သင့်နေရာဒေသ၊ ရွာများ၊ မြို့များ ပြန်လည်တင့်တယ်သစ်လွင်စွာ ပေါ်ထွန်းလာခဲ့သည်မှာလည်း အကောင်းဘက်မှ သင်ခန်းစာပင်ဖြစ်သည်။

စာအုပ်စာပေလူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိစသော ကြွေးကြော်သံ ဆောင်ပုဒ်များ၊ ရှေးရှေးရဟန်းစာဆို၊ လူစာဆိုတို့၏ စာသီ သိရန်၊ ပညာသီ သိရန် စာပေများ ဖတ်ရှုသင့်ကြောင်း ညွှန်ပြသော၊ ဆုံးမသွန်သင်သော ပျို့လင်္ကာ၊ စကားပြေများတွင် စာဖတ်ရန် လူသားမှန်သမျှ နိုင်ငံသားပြည်သူမှန်သမျှကို လမ်းပြခဲ့ကြသည်မှာ များလှချေသည်။ စာပေဟူသည် ပေပုရပိုက်ခေတ်ကတည်းက စတင်ထွန်းကားသော ဂန္ဓဝင်မြန်မာပျို့ကဗျာ၊ လင်္ကာမျာ်း၊ ဇာတ်ဝတ္ထုများ၊ ပြဇာတ်များ၊ သုတကျမ်းများ၊ လောကသာရပျို့၊ ပုတ္တောဝါဒပျို့၊ စာနကျနိတ စသည့် လောကီသုတစာများမှာသာမက ဘုရားဟောတရားဓမ္မ ဝိဋ္ဌကတ်စာပေများကပါ လမ်းကောင်းညွှန်ပြဒုစရိုက် အကုသိုလ်၊ ပါပလုပ်ရပ်များရှောင်၍ သုစရိုက် ကုသိုလ်အခြေပြုသော လုပ်ရပ်များညွှန်ပြပေသည်။

ဓမ္မပဒတရားဆောင်ပုဒ် ကောက်နုတ်ချက်များကို ဖတ်လျှင်ပင် အလိမ္မာတိုးနိုင်ကာ ပညာဉာဏ်အမြော်အမြင်၊ အသိပညာတိုးတက်နိုင်သည်။ နေ့စဉ်သတင်းများ နားထောင်၊ ဖတ်ရှုလျှင် မိမိတို့နေထိုင်ရာ မြို့ရွာ၊ ရပ်ကွက်အပါအဝင် မိမိတို့နိုင်ငံ ဒီနေ့ဘာတွေဖြစ်၊ ဘာတွေက သတင်းကောင်း၊ ဘာတွေက သတင်းဆိုးခွဲခြားသိမြင် ဆင်ခြင်နိုင်ကြပေမည်။ အလားတူ နိုင်ငံတကာသတင်းများကို မျက်ခြည်မပြတ် ဖတ်ရှု၊ နားထောင်လေ့လာလျှင် ယနေ့ နိုင်ငံတကာ(ကမ္ဘာ)မှာ ဘာဖြစ်နေသည်။ ဘယ်သတင်းက အကောင်း၊ ဘယ်သတင်းက အဆိုး၊ ဘယ်သတင်းဆိုးမျိုး မိမိတို့နိုင်ငံတွင် မဖြစ်ရန် ကြိုတင်ကာကွယ်ပြင်ဆင်နိုင်ကြလျှင်၊ ဘယ်သတင်းက မိမိတို့အားကျအတုယူရမည့် သတင်းကောင်းဖြစ်နေလျှင် မိမိတို့နိုင်ငံ၊ မိမိတို့မြို့ရွာရပ်ကွက်အလိုက်၊ လမ်းအလိုက် တစ်အိမ်ချင်းအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဟူသော အသိများရပေမည်။

(ဆက်လက်ဖော်ပြပါမည်)

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်များဖတ်ရှုနေစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဗဟိုသန်းခေါင်စာရင်းကော်မရှင် စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဧပြီ ၂၆

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအောင်မြင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင် စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များက သက်ဆိုင်ရာဒေသများမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်အဆင့် ကောက်ယူမည်ဖြစ်ရာ အချိန်ကာလအားဖြင့် အလွန်နီးကပ်နေပြီ ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် မူဝါဒများချမှတ်ရာတွင် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာအချက်အလက်များ ရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ပညာရေးဝန်ထမ်းများက အဓိကပါဝင်မည်ဖြစ်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ (Volunteers)များ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း သင်တန်းအဆင့်ဆင့်ကို လာမည့်သြဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် စာရင်းကောက်ယူမည့် Mobile Tablet များအပါအဝင် လုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သည့် အထောက်အကူပြု ပစ္စည်းများကို စာရင်းစစ်၊ စာရင်းကောက်များထံ အချိန်မီ ထုတ်ပေးနိုင်ရေးနှင့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်မှုကော်မတီများအနေဖြင့် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း လုပ်ငန်းနှင့် ပတ်သက်၍ စမ်းသပ်သန်းခေါင်စာရင်းမှရရှိလာသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို အခြေခံ၍ ကောက်ကွက်ဖွဲ့စည်းခြင်း၊ သန်းခေါင်စာရင်း မေးခွန်းပုံစံ ပြင်ဆင်အတည်ပြုခြင်းတို့ကို သတ်မှတ်အချိန်ဇယားအတိုင်း အချိန်မီပြီးစီးရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ထို့ပြင် CAPI စနစ် ပြင်ဆင်တည်ဆောက်ခြင်း၊ စာရင်းစစ်၊ စာရင်းကောက် လက်စွဲစာစောင်များ၊ သင်တန်းလမ်းညွှန်စာစောင်များ ပြုစုခြင်းတို့ကိုလည်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေး အသေးစိတ်လုပ်ငန်း အစီအစဉ်များကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများမှတစ်ဆင့် ကော်မတီအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ ထပ်ဆင့်ညွှန်ကြားဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် နည်းပညာလိုအပ်ချက်များ၊ ဆိုက်ဘာလုံခြုံရေးလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့် အခြားသောနယ်မြေဒေသ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို နိုင်ငံတကာ အကူအညီမပါရှိဘဲ မိမိတို့နိုင်ငံ အင်အားဖြင့်သာ ဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် အားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ နိုင်ငံတော်အစိုးရ၏ မှတ်တိုင်တစ်ခု စိုက်ထူမှတ်ကျောက်တင်နိုင်ရေးအတွက် တက်ညီလက်ညီ ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက်ဗဟိုသန်းခေါင်စာရင်းကော်မရှင်အတွင်းရေးမှူး (၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ နေပြည်တော် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာရင်းစစ်စာရင်းကောက်များ ဖွဲ့စည်းမှု၊ သင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူ့အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြပြီး သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်မည့် ပြည်သူ့လူထု အသိပညာပေး TV Spot များကို ပြသသည်။

ထို့နောက် ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေး ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

Thailand-Myanmar Business Council (TMBC)မှ
စီးပွားရေးကိုယ်စားလှယ်အဖွဲ့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၆

Thailand–Myanmar Business Council (TMBC) မှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ One – Stop Service Center မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးဆိုင်ရာပထမအတွင်းဝန် Mr.Witchu Sopana၊ Thailand–Myanmar Business Council (TMBC)အဖွဲ့မှ ဥက္ကဋ္ဌ Mr. Kich Aungvitulsatit၊ The Federation of Thai Industries(FTI) မှ ဒုတိယဥက္ကဋ္ဌ Mr. Chartchai Panichewa၊ SME Promotion မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wachira Kaewkor၊ TMBC မှ အတွင်းရေးမှူး Mr. Thanawat Chitbanterngpan၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဌာနမှ ညွှန်ကြားရေးမှူး Mr. Jarunee Hor–sirimanont နှင့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၃၀ ကျော်တို့ တက်ရောက်ကြသည်။

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံတော်မှ စီးပွားရေးအခွင့်အလမ်းများစွာ ဖော်ဆောင်ထားရှိမှုနှင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းဆိုင်ရာများ၊ Explore Business Opportunities in Myanmar နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းဆွေးနွေးရာ Thailand–Myanmar Business Council (TMBC)မှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Kich Aungvitulsatit က နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသောအစဉ်အလာဖြင့် အိမ်နီးချင်းကောင်းပီသစွာ လက်တွဲဆောင်ရွက်နေမှုနှင့် စီးပွားရေးကဏ္ဍ၌ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့ကို ပွင့်လင်းစွာ ဆွေးနွေးသည်။

ထို့နောက် စီးပွားရေးလုပ်ငန်းရှင်များအား သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်မှုတို့တွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများစွာ ဖော်ဆောင်ထားရှိမှုတို့ကို အသေးစိတ်ရှင်းလင်းပြသသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၁၂၄ သန်း ရင်းနှီးမြှုပ်နှံထားကာ အဆိုပါနိုင်ငံတို့တွင် ထိုင်းနိုင်ငံမှာ တတိယအများဆုံး ရင်းနှီးမြှုပ်နှံထားသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံတွင် အောင်မြင်လျက်ရှိသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပြီး ပြည်ပသို့ ပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ ပြည်ပမှ သွင်းကုန်အစားထိုးလုပ်ငန်းများ ဆောင်ရွက်၍ နိုင်ငံအတွက် လိုအပ်သည့် ဆေးဝါး၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လူစီးမော်တော်ယာဉ်များ အပါအဝင် ကုန်ချောပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိသည်။

ပြည်တွင်းရှိ MSME လုပ်ငန်းများနှင့် ချိတ်ဆက်၍ ပြည်ပသွင်းကုန်အစားထိုး ဆောင်ရွက်ခြင်း၊ MSEM ထုတ်ကုန်များကိုအသုံးပြု၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးကို နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ စနစ်တကျဆောင်ရွက်လျက်ရှိရာ အောင်မြင်နေသော အထူးစီးပွားရေးဇုန်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ယခုတွေ့ဆုံဆွေးနွေးမှုမှ နှစ်နိုင်ငံအကျိုးတူ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းကောင်းများကို ထပ်မံဖော်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ – သီဟ

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ (၄၈) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ (၄၈) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ တက်ရောက်သည်။

စတင်ဖွဲ့စည်းခဲ့

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က အားကိုးရသော၊ ပြည်သူများက အားထားရသော တိုးတက်အောင်မြင်သည့် ဌာနတစ်ခုအဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယနေ့တွင် (၄၈) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဌာနအနေဖြင့် ၁၉၇၆ ခုနှစ် မတ် ၃၀ ရက်တွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါကြောင်း၊ ဌာန၏လုပ်ငန်းတာဝန်များအနေဖြင့် "အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်" ဆိုသည့် မျှော်မှန်းချက်နှင့်အညီ အသက်မွေးဝမ်းကျောင်း သင်တန်းများပေးခြင်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးခြင်း၊ စားသောက်ကုန်၊ လူသုံးကုန်များကို ဘေးဥပဒ်ကင်းရှင်းစေရန် ဓာတ်ခွဲစမ်းသပ်ပေးခြင်း လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်မှာ နည်းပညာပေးသင်တန်း ၆၁၉ ကြိမ်၊ မှတ်ပုံတင်လုပ်ငန်း ၃၄၁၈ ခု၊ ဓာတ်ခွဲစမ်းသပ်ပေးနိုင်မှု ၆၄၆၃ ကြိမ်တို့ကို ဌာန၏ လျှာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်ရန်ပုံငွေများ ရှာဖွေပေးနိုင်ခဲ့ပါကြောင်း၊ အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို ကျေးရွာ ၁၅၁ ရွာ ရွေးချယ်ပြီး ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားနိုင်သည့် လူငယ်၊ လူရွယ်များနှင့် အိုးမကွာ၊ အိမ်မကွာ မိသားစု ဝင်ငွေတိုးဆောင်ရွက်လိုသည့် အမျိုးသမီးများကို အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ ကျေးရွာတစ်ရွာတွင် လူငါးဦး ရွေးချယ်ပြီး လုပ်ငန်းသုံးစက်ပစ္စည်းများ ထောက်ပံ့ပေးကာ စုစုပေါင်း လူ ၇၅၅ ဦးကို လုပ်ငန်းများ ထူထောင်ပေးနိုင်ခဲ့သဖြင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များ ဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်စီမံကိန်းများဖြစ်သည့် ကော်ဖီစီမံကိန်းတွင် ကော်ဖီစက်များ၊ ကော်ဖီထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် နည်းပညာပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့ပြီး စပါးသီးနှံ၊ ပဲသီးနှံ၊ ဆီထွက်သီးနှံ အောင်မြင်ဖြစ်ထွန်းရေး စီမံကိန်းများ၌လည်း ပဲရိတ်စက်အပါအဝင် စက်ပစ္စည်းများ ထောက်ပံ့ ပေးနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝါမှချည်ဖြစ်သည်အထိ လုပ်ငန်းစဉ်များကို ကူညီပံ့ပိုးပေးသည့်နေရာ၌လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများနှင့် နိုင်ငံတော်၏ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဦးစီးဌာန၏ ရည်မှန်းချက်များ၊ မျှော်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် နောင်နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲရပ်တည်နိုင်ရေး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အားကစားထူးချွန်ဆုများ၊ ဝန်ထမ်းထူးချွန်ဆုများနှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဆုများ ရရှိသည့် ဝန်ထမ်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လှည်းကူးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

လှည်းကူး ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်သူများအားလုံးပါဝင်သည့် မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရဲမွန်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ဆွေးနွေး

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းကာ လုပ်ငန်းစီမံကိန်းဆောင်ရွက်ထားရှိပြီးသည့် ကျေးရွာများမှ ကော်မတီများက စီမံကိန်းကာလတစ်လျှောက် တွေ့ကြုံခဲ့ရသည်များကို အဖွဲ့လိုက်ဆွေးနွေးကြရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးတို့က လိုအပ်သည်များကို ပြန်လည်ဖြည့်စွက်ဆွေးနွေးကြကြောင်း သိရသည်။

ဥာဏ်ဟိန်း

နေပြည်တော်ကောင်စီနယ်မြေ ဆီထွက်သီးနှံ ဧက ၁၃၀၀၀၀ ကျော်နှင့် ချည်မျှင်ရှည်ဝါ ဧက ၁၀၁၀၀ စိုက်ပျိုးရန် လျှာထားဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၆

နေပြည်တော်ကောင်စီ နယ်မြေ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူပညာပေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ ဆီထွက်သီးနှံခြောက်မျိုးဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်းနှင့် ဆီအုန်းသီးနှံများ အထွက်နှုန်းတိုးတက်စေရေးနှင့် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက နေပြည်တော်ကောင်စီနယ်မြေ အတွင်း သီးထပ်စိုက်စွမ်းအား မြှင့်တင်ရေးနှင့် သီးနှံအလိုက် သတ်မှတ်ထားသော ပန်းတိုင်အထွက်ရရှိရေးအတွက် တောင်သူပညာပေးလုပ်ငန်းများကို နယ်မြေအလိုက်၊ သီးနှံအလိုက်၊ စိုက်ပျိုးရာသီအလိုက် စီမံချက်ချမှတ်ပြီး အချိန်ကိုက်ဆောင်ရွက်ရန်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် မမျှော်မှန်းနိုင်သော သဘာဝဘေးကျရောက်မှုများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြုံတွေ့လာပါက သက်ဆိုင်ရာ ဌာနများ၊ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုနှင့် စိုက်ကွင်းများအရောက် နည်းပညာဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများ၏ မျှော်မှန်းအထွက်နှုန်းရရှိရေး၊ မျိုးပြောင်းလဲစိုက်ပျိုးမည့်အစီအစဉ်များ၊သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ပေါင်းစပ် အသုံးပြုနိုင်ရေး နည်းပညာဖြန့်ဝေခြင်းနှင့် လိုက်နာဆောင်ရွက်စေခြင်းတို့ အတွက် ပညာပေး ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ သီးနှံအလိုက် စိုက်ပျိုးရေရရှိရေးနှင့် ဖြည့်စွက်ရေပေးသွင်းနိုင်ရေး အတွက် သက်ဆိုင်ရာဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နေမှု၊ စိုက်ပျိုးရာသီအလိုက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

နေပြည်တော်ကောင်စီ နယ်မြေ လယ်ဝေး၊ တပ်ကုန်းနှင့် ဥတ္တရသီရိ မြို့နယ် ဆီထွက်သီးနှံအထူးဇုန် ဧရိယာတွင် ၂၀၂၄-၂၀၂၅ မိုးသီးနှံ၊ ဆောင်းသီးနှံ၊ နွေသီးနှံများအဖြစ် စုစုပေါင်း ဆီထွက်သီးနှံ ဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးရန် လျှာထား ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မိုးကောင်း သောက်စိုက်ပျိုးမြေဧရိယာများ၌ ချည်မျှင်ရှည်ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေးကို ဆောင်ရွက်လျက်ရှိရာ တပ်ကုန်း၊ ဥတ္တရသီရိ၊ ဧယျာသီရိနှင့် ပုဗ္ဗသီရိမြို့နယ်များတွင် စုစုပေါင်း ချည်မျှင်ရှည်ဝါ ဧက ၁၀၁၀၀ စိုက်ပျိုးရန် လျှာထား ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာနှင့် လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

ဓမ္မသတ်ကျေးရွာမှ ယာယီတိုက်ပွဲရှောင် ပြည်သူများအား ကျေးရွာတည်ငြိမ် အေးချမ်းနေပြီဖြစ်ကြောင်း အသိပေး

မော်လမြိုင် ဧပြီ ၂၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ဓမ္မသတ်ကျေးရွာ၌ မတ် ၂၈ ရက်မှစတင်၍ အကြမ်းဖက်သောင်းကျန်းသူများကြောင့် နေအိမ်များ မီးလောင်ပျက်စီးမှုခံခဲ့ရသော ကျေးရွာသူ ကျေးရွာသားများသည် မော်လမြိုင်မြို့ ဘုန်းတော်ကြီးကျောင်းများသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။

အဆိုပါ ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိသော ကျေးရွာသူ ကျေးရွာသားများအား မော်လမြိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ယခုအချိန်တွင် ဓမ္မသတ်ကျေးရွာ၌ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့နေရပ်သို့သွားရောက်၍ ပြန်လည်အခြေချနေထိုင်နိုင်ပြီဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မိမိရပ်ရွာ၊ မိမိဒေသကို မိမိတို့ကိုယ်တိုင်ပါဝင်သော ပြည်သူ့လုံခြုံရေးစနစ်အား ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ဘဝ ရေရှည်ရပ်တည်နိုင်ရေးအတွက် မိမိတို့၏ မူလလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အသိပေးပြောကြားသည်။

အလားတူ ချောင်းဆုံမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများ၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ချောင်းဆုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ငွေပျော်စံပြကျေးရွာနှင့် မူလနေရပ်များသို့ ပြန်လည်ထွက်ခွာမည့် ယာယီခိုလှုံရာစခန်းများမှ အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်

မြစ်ကြီးနား ဧပြီ ၂၆

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် ငွေပျော်စံပြကျေးရွာနှင့် မူလနေရပ်များသို့ ပြန်လည်ထွက်ခွာကြမည့် ယာယီခိုလှုံရာစခန်းများမှ အိမ်ထောင်စုများအား မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်အတွင်းရှိ ဂျာမိုင်ကောင်း RC စခန်း၌ အခြေခံစားသောက်ကုန်များနှင့် ထောက်ပံ့ပစ္စည်းများကို သွားရောက်ပေးအပ်ကြသည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မူလနေရပ်များနှင့် ငွေပျော်စံပြ ကျေးရွာများသို့ ရွှေ့ပြောင်းနေထိုင်ကြမည့်သူများအား နေထိုင်စားသောက်မှုအခက်အခဲမဖြစ်ပေါ်စေရေး အတတ်နိုင်ဆုံး ထောက်ပံ့ပေးသွားမည့် အပြင် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လာရောက် အားပေးခြင်းဖြစ်ကြောင်းနှင့် အခက်အခဲများ တွေ့ကြုံလာပါက မိမိတို့အားလုံးက ဝိုင်းဝန်းပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂျာမိုင်ကောင်း RC စခန်းနှင့် နန်းကွေ့စိန်ယောဟန်စခန်းတို့မှ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာသို့ ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ၃၀၊ လူဦးရေ ၁၄၈ ဦး၊ ၎င်းတို့အစီအစဉ်ဖြင့် ဝယ်ယူထားသည့် မြို့ပေါ်ရပ်ကွက်/ကျေးရွာများနှင့် မူလနေရပ်များသို့ ပြန်လည်ရွှေ့ပြောင်းမည့် အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၈၇ ဦး စုစုပေါင်းအိမ်ထောင်စု ၆၆ ဦး၊ လူဦးရေ ၃၃၀ တို့အတွက် ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၈၁၈၄၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၆၆ အိတ်၊ ဆီ ၆၆ ဘူး၊ ကြက်ဥ အလုံး ၃၀ ပါ ၆၆ ကတ်နှင့် ခေါက်ဆွဲခြောက်ဖာ ၆၆ ဖာတို့ကို လည်းကောင်း၊ ကချင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ငွေကျပ် ၁၃၂၀၃၈၁၆ တန်ဖိုးရှိ ဆန်ရိက္ခာတစ်လစာ၊ ပြောင်းရွှေ့စရိတ်အဖြစ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းစီ၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ၆၆ ပုံးတို့ကို လည်းကောင်း ပစ္စည်းနှင့်ငွေသားတန်ဖိုး စုစုပေါင်းငွေကျပ် ၂၁၃၈၇၈၁၆ ကို ထောက်ပံ့ပေးအပ်သည်။

လိုအပ်ချက်များတင်ပြ

ယင်းနောက် စခန်းတာဝန်ခံများကကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြန်လည်ရွှေ့ပြောင်းနေထိုင်မည့် နေရာဒေသများတွင် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအား အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ အိမ်ထောင်စုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားလေဆိပ်၌ ပူတာအိုခရိုင်အတွင်း နိုင်ငံ့ဝန်ထမ်းများ နေထိုင်စားသောက်မှု အခက်အခဲမဖြစ်ပေါ်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပထမအကြိမ်အဖြစ် အခြေခံစားသောက်ကုန်များကို လေကြောင်းခရီးစဉ်ဖြင့် တင်ပို့နိုင်ရေး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း/အမှုထမ်းဝန်ထမ်းများက ကုလားပဲပိသာ ၂၀၀၀၊ ငါးခြောက် ၆၆၇ ပိသာနှင့် စားသုံးဆီ ၁၀၀၂ ပိသာတို့အား သယ်ယူတင်ပို့နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာချင်းဆက်လမ်းပေါ်တွင် ဆောင်ရွက်သောလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ဘားအံ ဧပြီ ၂၆

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁၈၅ သန်းဖြင့် မြေလမ်း ၃/၀ မိုင်၊ အမာခံလမ်း ၆/၀ မိုင်၊ ကျောက်လမ်း ၅/၆ မိုင်၊ ကွန်ကရစ်လမ်း ၂/၀ မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၃/၀ မိုင်၊ သံကူကွန်ကရစ်တံတားလေးစင်း၊ Box Culvert ၁၈ စင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး လှိုင်းဘွဲ့မြို့နယ် စောငွေ-ပါဆွေထ- ထီးရောသေးထ - မဲလရောထ- မဲလရော-ထီးကနဲထ - ထီးကနဲ ကျေးရွာချင်းဆက် ၁၁/၄ မိုင်ပေါ်တွင် ၃/၀ မိုင် မြေလမ်းဖောက်လုပ်ခြင်း၊ ၁၀ ပေ တံတားနှစ်စင်း တည်ဆောက်ခြင်း၊ (၈x၆x၁၆)ပေ Box Culvert လေးစင်းနှင့် (၅x၅x၂၆)ပေ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးမှုကြောင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည့်အပြင် အနီးပတ်ဝန်းကျင်ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၁၉၆၃ အိမ်၊ အိမ်ထောင်စု ၂၁၉၆ စု၊ လူဦးရေ ၇၈၅၂ ဦးတို့မှာ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မော်ဘီမြို့နယ်၌ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

မော်ဘီ ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)နှင့် စပ်လျဉ်း၍ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုးက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံကိန်းလုပ်ငန်းအဖွဲ့များက လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက်စီမံကိန်းသုံးသပ်ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကျေးရွာကော်မတီအဖွဲ့ဝင်များက အဖွဲ့ခွဲ၍ စီမံကိန်း၏ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုဇင်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် အကျိုးဝင်မှတ်ပုံတင်ထားသော ရွှေနိုင်ငံပုံနှိပ်လုပ်ငန်းစု Best Colour မှ အာမခံအလုပ်သမား ဦးမင်းစန်းသည် စက်ရုံအတွင်း လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ် မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ခြင်းအတွက် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ယနေ့ နံနက်စ နာရီခွဲကရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက အာမခံအလုပ်သမား ဦးမင်းစန်းအား အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ထောက်ပံ့ငွေကျပ် ၅၉၂၇၀၄၀ ကို အလုပ်ဌာနမှ တာဝန်ရှိသူများ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြကြောင်း သိရသည်။

မင်းသိန်းထွန်း

ဂျပန်ဝန်ကြီးချုပ်ကီရှီဒါ ပြင်သစ်၊ ဘရာဇီးနှင့် ပါရာဂွေးနိုင်ငံများသို့ အလည်အပတ်သွားရောက်မည်

တိုကျို ဧပြီ ၂၆

ဂျပန်ဝန်ကြီးချုပ်ကီရှီဒါသည် ပြင်သစ်၊ ဘရာဇီးနှင့် ပါရာဂွေးနိုင်ငံများသို့ ခြောက်ရက်ကြာ အလည်အပတ်ခရီးသွားရောက်မည် ဖြစ်ကြောင်း ယနေ့အင်နာ်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။ ယင်းခရီးစဉ်သည် မေ ၁ ရက်တွင် စတင်မည်ဖြစ်သည်။ ဝန်ကြီးချုပ်ကီရှီဒါသည် ခရီးစဉ်အတွင်း ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်းအဝေးသို့ တက်ရောက်မည် ဖြစ်ပြီး ယင်းအစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ တွေ့ကြုံနေရသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခက်အခဲများ ရင်ဆိုင်ဖြေရှင်းရေးအတွက် တာဝန်ရှိသူများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးမည်ဖြစ်သည်။

ထို့ပြင် သမ္မတမက်ခရွန်နှင့်လည်း နိုင်ငံတကာအရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများနှင့်ပတ်သက်၍ သီးခြားတွေ့ဆုံဆွေးနွေးမည် ဖြစ်သည်။ ဝန်ကြီးချုပ်ကီရှီဒါသည် ၎င်း၏ ခရီးစဉ်အတွင်း ဘရာဇီးနိုင်ငံ၌ ဂျပန်နိုင်ငံ၏ လက်တင်အမေရိကနှင့် ကရစ်ဘီယန်နိုင်ငံများ အပေါ် ကျင့်သုံးသည့် နိုင်ငံခြားရေးမူဝါဒများကိုလည်း ချပြဆွေးနွေးရန်ရှိသည်။ ထို့ပြင် ကီရှီဒါသည် ပါရာဂွေးနိုင်ငံတွင်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဟု သိရသည်။ ဂျပန်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် တရားဥပဒေကို လေးစားလိုက်နာမည်ဖြစ်ပြီး နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ဟာရာရှီ ယိုရှီမာဆာက ပြောကြားသည်။

ကိုးကား – အင်နာ်အိတ်ချ်ကေ
ဘာသာပြန် – စိုးသူရ

အိန္ဒိယနိုင်ငံ၏ ဒုတိယအဆင့်ရွေးကောက်ပွဲ ကျင်းပ

နယူးဒေလီ ဧပြီ ၂၆

အိန္ဒိယနိုင်ငံ၏ ဒုတိယအဆင့် ရွေးကောက်ပွဲကို ဧပြီ ၂၆ ရက်က ကျင်းပခဲ့ကြောင်း ယနေ့အင်နာ်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

နိုင်ငံအရှေ့ပိုင်း ဘီဟာ ပြည်နယ်နှင့် မြောက်ပိုင်းအန်ဒရာ ပရာဒေရှ်ပြည်နယ်များရှိ မဲရုံများတွင် မဲပေးသူများမဲပေးရန် တန်းစီစောင့်ဆိုင်းနေသည်ကို တွေ့မြင်ရသည်။ ဘီဂျေပီပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သည့် လက်ရှိဝန်ကြီးချုပ် မိုဒီသည် ၎င်း၏ တတိယမြောက် သက်တမ်းအတွက် အနိုင်ရရန် ကြိုးပမ်းနေသည်။

မဲဆန္ဒရှင်များက နိုင်ငံ၏ စီးပွားရေးမူဝါဒအား ကောင်းမွန်စေရေးအတွက် မည်သည့်ပါတီက ဆောင်ရွက်ပေးနိုင်မည်ကို စိတ်ဝင်စားနေကြပြီး လူငယ်များက နိုင်ငံ၌အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် တောင်းဆိုနေကြသည်။ မဲပေးသူတစ်ဦးက အစိုးရအနေဖြင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသင့်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် မိုဒီ၏ ဦးဆောင်မှုအောက်တွင် နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးသည် ကမ္ဘာ့ဘဏ္ဍာရေးတိုးတက်ရှိခဲ့ကြောင်း ဘီဂျေပီပါတီက ပြောကြားသည်။

ကိုးကား –အင်နာ်အိတ်ချ်ကေ
ဘာသာပြန် –စိုးသူရ

ရာဖာမြို့၌ မြေပြင်ထိုးစစ်ဆင်နွှဲရန်အတွက် ပြင်ဆင်ဆောင်ရွက်မှုများ ပြီးစီးဟု အစ္စရေးတပ်ဖွဲ့ပြောကြား

ဂျေရုဆလင် ဧပြီ ၂၆

အစ္စရေးတပ်ဖွဲ့သည် ဂါဇာဒေသတောင်ပိုင်း ရာဖာမြို့၌ မြေပြင်ထိုးစစ်ဆင်နွှဲရန်အတွက် ပြင်ဆင်ဆောင်ရွက်မှုများ ပြီးစီးသွားပြီဖြစ်ကြောင်း အစ္စရေးဒေသန္တရမီဒီယာများ၏ မှတ်တမ်းများအရ သိရသည်။

သန္ဓိဋ္ဌာန်ချမှတ်ထား

အစ္စရေးတပ်ဖွဲ့သည် ရာဖာမြို့မှ ဟားမတ်စ်စစ်သွေးကြွများအား အပြီးတိုင်ချေမှုန်းရန် စစ်ဆင်ရေးဆောင်ရွက်မည်ဟု သန္ဓိဋ္ဌာန်ချမှတ်ထားသည်။ လက်ရှိအချိန်တွင် ရာဖာမြို့၌ လူပေါင်း ၁ ဒသမ ၂ သန်းခိုလှုံလျက်ရှိသည်။ ယင်းစစ်ဆင်ရေးဆောင်ရွက်ရန်အတွက် ဂါဇာမြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တပ်စွဲထားသည့် အစ္စရေးတပ်ဖွဲ့များကို တောင်ပိုင်းသို့ စေလွှတ်တပ်စွဲခဲ့ပြီး စစ်ဆင်ရေးစတင်မည့်နေ့ရက်ကို အစ္စရေးအစိုးရက သတ်မှတ်ပေးမည်ဖြစ်ကြောင်း အစ္စရေးသတင်းစာ Haaretz က ပြောကြားသည်။ ရာဖာမြို့မှနေ၍ အရပ်သားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေးအတွက် သီတင်းပတ်ပေါင်းများစွာကြာမြင့်မည်ဖြစ်ကာ အရပ်သားများဘေးလွတ်ရာသို့ရောက်ရှိမှသာ စစ်ဆင်ရေးစတင်ဆင်နွှဲမည်ဖြစ်ကြောင်း ယင်းသတင်းစာက ထပ်လောင်းပြောကြားသည်။ ဘယ်လ်ဂျီယံနိုင်ငံမှ လူမှုကူညီရေးအဖွဲ့ဝင် လုပ်သားတစ်ဦးနှင့် ၎င်း၏ ခုနစ်နှစ်အရွယ်ရှိကလေး ငယ်တို့သည်ရာဖာမြို့တွင် အစ္စရေးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့၍ မိမိနိုင်ငံသားများ ထပ်မံထိခိုက်သေဆုံးမည်ကို စိုးရိမ်ပူပန်ကြောင်း ဘယ်လ်ဂျီယံအစိုးရက ပြောကြားသည်။ အမေရိကန်နိုင်ငံကလည်း ရာဖာမြို့တွင် တိုက်ခိုက်မှုများထပ်မံဖြစ်ပွားပါက ရာဖာနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အီဂျစ်နိုင်ငံတွင်ပါ မငြိမ်မသက်ဖြစ်လာမည်ကို စိုးရိမ်ပူပန်နေသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ အပူချိန်မြင့်တက်လာနိုင်

ဟန္နိုင်း ဧပြီ ၂၆

ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ ဧပြီ ၃၀ မှ မေ ၁ ရက်ကာလအတွင်း ဒေသအချို့တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာနိုင်ကြောင်း ယနေ့ဗွီအင်နာ်အိတ်ပရတ်စ်သတင်းဌာနမှ သတင်းတစ်ရပ်အရ သိရသည်။

မိုးလေဝသခန့်မှန်းရေးဌာန အကြီးအကဲ ဌယင်ဗန်ဟွန်းက ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသများတွင် မေ ၁ ရက်အထိ အပူချိန်များ ဆက်လက်မြင့်တက်နိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် အမြင့်ဆုံးအပူချိန်သည် ၃၆ မှ ၄၀ ဒီဂရီစင်တီဂရိတ်အထိ စံချိန်တင်ရောက်ရှိမည်ဖြစ်ကာ ဗီယက်နမ်အရှေ့မြောက်ပိုင်းဒေသတွင် အပူချိန် ၃၆ မှ ၃၈ ဒီဂရီစင်တီဂရိတ်အထိ စံချိန်တင်မြင့်တက်မည်ဟု သိရသည်။ အမေရိကန်မိုးလေဝသခန့်မှန်းရေး ဝန်ဆောင်မှု AccuWeather က ဧပြီ ၂၇ ရက်တွင် ဟန္နိုင်းမြို့တော်၏ အပူချိန်သည် အမြင့်ဆုံး ၃၈ ဒီဂရီသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ ဗီယက်နမ်တောင်ပိုင်းနှင့် အလယ်ပိုင်းကုန်းမြင့်များတွင် ဧပြီ ၃၀ ရက်အထိ အပူလှိုင်းများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်းသိရသည်။ ထို့ကြောင့် နိုင်ငံသားများအား နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအတွင်း အပြင်မထွက်ကြရန် မိုးလေဝသပညာရှင်များက အကြံပြုထားသည်။

ကိုးကား – ဗွီအင်နာ်အိတ်ပရတ်စ်
ဘာသာပြန် – စိုးသူရ

ဖိလစ်ပိုင်နိုင်ငံ၌ အပူချိန်စံချိန်တင်မြင့်တက်မှုကြောင့် အွန်လိုင်းစနစ်ဖြင့် စာသင်ကြား

မနီလာ ဧပြီ ၂၆

ဖိလစ်ပိုင်နိုင်ငံ၌ ဧပြီလအတွင်း အပူချိန်စံချိန်တင် မြင့်တက်မှုကြောင့် ကျောင်းသားများအား အွန်လိုင်းမှ စာသင်ယူစေခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

နိုင်ငံတွင်းရှိ အစိုးရကျောင်းပေါင်း ၇၀၀၀ မှ ကျောင်းသားများသည် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက အွန်လိုင်းမှ သင်ခန်းစာများကို သင်ယူခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်မနီလာရှိ အစိုးရကျောင်းများတွင် စစ်တမ်းကောက်ယူခဲ့ရာ ကျောင်းသား ၈၇ ရာခိုင်နှုန်းမှာ အပူဒဏ်နှင့်ဆက်နွယ်သည့် ကျန်းမာရေးအခြေအနေများကို ခံစားခဲ့ရကြောင်း သိရသည်။

အခြားစစ်တမ်းတစ်ခုအရ ဆရာများ၏ လေးပုံသုံးပုံကျော်သည်လည်း အပူဒဏ်ကို ခံစားခဲ့ရသည် ဟု သိရသည်။

စာသင်ခန်းများတွင် အပူချိန်မြင့်တက်လာမှုကို ကိုင်တွယ်ရန် ကောင်းမွန်သည့် လေဝင်ထွက်စနစ် မရှိကြောင်း ဆရာများက ဝေဖန်ပြောကြားခဲ့သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်စတင်ချိန်မှစ၍ အပူချိန် ၄၄ ဒီဂရီစင်တီဂရိတ်အထိ မြင့်မားလာသည်ဟု မိုးလေဝသအေဂျင်စီက ခန့်မှန်းထားသည်။

ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယခုနှစ် ဧနဝါရီ ၁ ရက်မှ ဧပြီ ၁၈ ရက်အထိ အပူနှင့်ဆက်စပ်သော ဖျားနာမှုများကြောင့် ၃၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ**
ဘာသာပြန် – စိုးသူရ

ကော့ဘိန်းကျေးရွာ၊ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၊ တိုက်ခိုက်ချေမှုန်း၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများသို့ မတ် ၂၄ ရက်မှစ၍ အင်အားအလွန်အကျွံ အသုံးပြုကာ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ရဲစခန်းများအား ဝင်ရောက်တိုက်ခိုက်၍ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လာခဲ့ရာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များ၊ ရဲစခန်းများမှ အင်အားစုစည်း၍ ခုခံခဲ့သော်လည်း မတ် ၂၅ ရက်တွင် ကော့ဘိန်းကျေးရွာမှလည်းကောင်း၊ မတ် ၂၇ ရက်တွင် ဓမ္မသတ်ကျေးရွာမှလည်းကောင်း အသီးသီး ခေတ္တခွာခဲ့ရပြီး တရနာကျေးရွာ၌ ပြန်လည်စုဖွဲ့ခဲ့သည်။

အကြမ်းဖက် အဖွဲ့များ၏ အကြမ်းဖက် လုပ်ရပ်များကြောင့် ကျေးရွာများအတွင်း နေထိုင်ကြသော ဒေသခံပြည်သူများ အနေဖြင့် စိုးရိမ်ထိတ်လန့်စွာဖြင့် နေရပ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်ခဲ့ကြရာ တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများ ပြန်လည်နေထိုင်နိုင်ရန်အတွက် ကော့ဘိန်းကျေးရွာ၊ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation)ကို ဧပြီ ၁၁ ရက်မှစတင်၍ စနစ်တကျဖြင့် အဆင့်ဆင့်ခြေကုပ်ယူ၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် စုစုပေါင်းထိတွေ့တိုက်ပွဲ ခုနစ်ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့နှင့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ၍ မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဓမ္မသတ်ကျေးရွာအား ဧပြီ ၂၂ ရက်တွင်လည်းကောင်း၊ ကော့ဘိန်းကျေးရွာအား ဧပြီ ၂၅ ရက်တွင်လည်းကောင်း တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့သည်။

အကြမ်းဖက်သမားများ အနေဖြင့် ကော့ဘိန်းကျေးရွာ၊ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များတွင် အကာအကွယ်ရယူပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီး ကျောင်းများ၊ လူနေအိမ် အဆောက်အအုံများ အကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement–ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စနစ်တကျစုဖွဲ့၍ ချီတက်တိုက်ခိုက်ချေမှုန်းခဲ့မှုများကြောင့် အကြမ်းဖက်သမားများသည် ဖရိုဖရဲ ဆုတ်ခွာ ထွက်ပြေးသွားခဲ့ရပြီး ဆုတ်ခွာရာလမ်းကြောင်း တစ်လျှောက်ရှိ လူနေအိမ်များနှင့် ဌာနဆိုင်ရာ အဆောက်အအုံများ၊ ရဲစခန်းများအား မီးရှို့ဖျက်ဆီး

KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံအကြမ်းဖက်သမားများက (၂၃-၄-၂၀၂၄)ရက်နေ့တွင် ဖရိုဖရဲထွက်ပြေးစဉ် ဓမ္မသတ်ကျေးရွာ၌ မီးရှို့ဖျက်ဆီးခဲ့မှု။

KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံအကြမ်းဖက်သမားများက (၂၅-၄-၂၀၂၄)ရက်နေ့တွင် ဖရိုဖရဲထွက်ပြေးစဉ် ကော့ဘိန်းကျေးရွာရဲစခန်းအား မီးရှို့ဖျက်ဆီးခဲ့မှု။

တပ်မတော်စစ်ကြောင်းများက ကော့ဘိန်းကျေးရွာအား ပြန်လည်ထိန်းချုပ်ပြီးနောက် တွေ့ရှိရပုံ။

အကြမ်းဖက်အဖွဲ့များ ဖရိုဖရဲထွက်ပြေးစဉ် လမ်းကြောင်းတစ်လျှောက် မီးရှို့ဖျက်ဆီးသွားမှု။

ကော့ဘိန်းနှင့်ဓမ္မသတ်ကျေးရွာတိုက်ပွဲဖြစ်စဉ်များ၌ သိမ်းဆည်းရရှိခဲ့သည့် လက်နက်များ။

ကော့ဘိန်းနှင့်ဓမ္မသတ်ကျေးရွာတိုက်ပွဲဖြစ်စဉ်များ၌ သိမ်းဆည်းရရှိခဲ့သည့် လက်နက်များ။

ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံ အကြမ်းဖက် သမားများ၏ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် မြို့တွင်းရှိ အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ် အစိုးရအဖွဲ့တို့ကလည်း ကော့ဘိန်းကျေးရွာ၊ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေး ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး အဆိုပါကျေးရွာများ၌ တည်ငြိမ်အေးချမ်းပြီးဖြစ်သည့်အတွက် အေးချမ်းစွာ နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအနေဖြင့် မိမိကျေးရွာများသို့ စတင် ပြန်လည်ဝင်ရောက် နေထိုင်လာကြပြီ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ရေနံချောင်းမြို့ ပင်းဘုရားလမ်းဆုံတွင် လမ်းသွားလမ်းလာ လူငယ် ၁၀ ဦးကို စစ်မှုထမ်းဆောင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ပင်းဘုရားလမ်းဆုံတွင် ဧပြီ ၂၅ ရက်က ဆိုင်ကယ်စီးနင်းလာသည့် လမ်းသွားလမ်းလာ လူငယ် ၁၀ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို ပြည်သူများစိုးရိမ်ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံသူနိုင်ငံသားများ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားတတ်မြောက်မှုမရှိစေရန်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နိုင်ခြင်းမရှိစေရန်အတွက် ပြည်သူများ အထင်အမြင်လွဲမှားစေမည့် လုပ်ကြံသတင်းများ၊ ကောလာဟလ သတင်းများကို ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိသည်။ ယခုဖြစ်စဉ်တွင်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ရွာများ တည်ငြိမ်အေးချမ်းမှု မပျက်ပြားစေရန်အတွက် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်နေမှုများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန် လမ်းသွားလမ်းလာများကို ပေါ်တာဆွဲခြင်း၊ ဖမ်းဆီးခြင်းများမရှိကြောင်း သိရသည်။

သတင်းစဉ်

သထုံမြို့နယ်ရှိ ဆေးဝါးအရောင်းဆိုင်များ၌ ဆေးညွှန်းစာမပါဘဲ ရောင်းချခြင်းမရှိရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

သထုံ ဧပြီ ၂၆

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြည်သူများပဋ္ဌဧီဝေဆေးယဉ်ပါးမှု အန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် ဆေးဝါးအရောင်းဆိုင်များ၌ ဆရာဝန်ဆေးညွှန်းစာဖြင့် ရောင်းချရန်လိုအပ်သည့် ဆေးဝါးများကို ဆေးညွှန်းစာမပါဘဲ ရောင်းချခြင်း ရှိ/မရှိကို မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ တာဝန်ရှိသူများပူးပေါင်းကာ ယမန်နေ့နံနက်ပိုင်းက လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အသိပညာပေးဆွေးနွေး

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ သထုံခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဦး ဦးဆောင်မှုဖြင့် တာဝန်ရှိသူများ ပူးပေါင်းကာ သထုံမြို့ပေါ်ရပ်ကွက်အသီးသီးတို့ရှိ လိုင်စင်ရဆေးဝါးအရောင်းဆိုင်များ၌ သတ်မှတ်လိုင်စင်စည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ/မရှိ၊ ဆရာဝန်ဆေးညွှန်းစာဖြင့် ရောင်းချရန်လိုအပ်သည့် ဆေးဝါးများကို ဆေးညွှန်းစာမပါဘဲ ရောင်းချခြင်း ရှိ/မရှိတို့ကို လိုက်လံစစ်ဆေးကာ လိုအပ်သည်များ အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဧပြီ ၂၇ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆) အမှတ် (၁၇) တွင် ကလေးများအနေဖြင့် မိမိတို့၏ လုပ်အား ကိုတန်ဖိုးထားတတ်စေရန် ပုပု၏ ရွှေရာသီ လုပ်အားပေးခဲ့ပုံကို တင်ဆက်ထားသည့် "ပုပုပါဝင်သည့် မြင့်မြတ်သောအလုပ်" မျက်နှာဖုံး ဇာတ်လမ်း၊ ၄က်ဖြစ်သော်လည်း အခြားဌက်များကဲ့သို့ ပျံသန်းနိုင်ခြင်းမရှိသော ပင်ဂွင်းဌက် အကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "မပျံသန်းနိုင်သော ၄က်" သုတဆောင်းပါး ကဏ္ဍ၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ အမှိုက်များကို အမှိုက်ပုံနေရာတွင် စနစ်တကျမစွန့်ပစ်ဘဲ မြစ်ထဲသို့ ပစ်ချပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုးများ



အကြောင်းကို တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ မိမိလုပ်ဆောင်ရမည့် ကိစ္စအဝဝကို စည်းစနစ်တကျ ဆောင်ရွက်သင့်ကြောင်း တင်ဆက်ထားသည့် "အရည်အချင်း" ဝတ္ထုကဏ္ဍ၊ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားသိစေရန် တင်ဆက်ထားသည့် "ပူတင်း-ကုသိုလ်နဲ့ အကုသိုလ်" တစ်မျက်နှာကာတွန်း၊ ပြိုင်ပွဲများတွင် ကလေးများအနေဖြင့် အနိုင်ကို လက်ခံနိုင်သကဲ့သို့ အရှုံးကိုလည်း လက်ခံနိုင်စေရန် တင်ဆက်ထားသည့် "ပြိုင်ပွဲဝင်စိတ်ဓာတ်" ပုံပြင်ကဏ္ဍ၊ သူတစ်ပါးအသက်ကို သတ်ဖြတ်ပါက မိမိတွင်လည်း ဒုက္ခနှင့် ကြုံတွေ့နိုင်ပုံကို ရေးဖွဲ့ထားသည့် "ဝဋ်လည်တတ်တယ်" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးကို အနိုင်ကျင့်ပါက မိမိကိုလည်း အနိုင်ကျင့်သူ ပေါ်ပေါက်လာနိုင်ပုံကို ရေးဖွဲ့ထားသည့် "မှတ်ပြီလား" နှစ်မျက်နှာကာတွန်း၊ သွားနာနေသည့်အတွက် ဆရာဝန်ပြရမည်ကို ကြောက်နေသော သူငယ်ချင်းအား ဆရာဝန်ပြရန် တိုက်တွန်းပြောဆိုပုံ အမျိုးမျိုးကို တင်ဆက်ထားသည့် "Useful Everyday Idioms" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဥာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံ လင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

ကြို့ပင်ကောက် ဧပြီ ၂၆

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေးဟောပြောခြင်းတို့ကို ယနေ့နံနက်ပိုင်းက အနောက်တောင်ရပ်ကွက်အတွင်း ဆောင်ရွက်သည်။

ပူးပေါင်းဆောင်ရွက်

မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကင်းစင်ပျောက်ရေးအတွက် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးတာဝန်ခံဆရာဝန်ဒေါက်တာမေဇော်က သွေးလွန်တုပ်ကွေးရောဂါ ကြို့တင်ကာကွယ်ရေးဆိုင်ရာများ၊ တီဘီရောဂါဖြစ်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာအကြောင်းအရာများကို အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်းများ၊ အဘိတ်ဆေးခတ်ခြင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၊ အသိပညာပေးခြင်းတို့ကို မြို့နယ်ဌာနက်ဖျားရောဂါ တိုက်ဖျက်ရေးဌာန ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်မြို့ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဧပြီ ၂၆

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို၏စီစဉ်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း ခန်းမဆောင်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်တင်ဝင်းမော်က အဖွင့်အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလှိုင်၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်နှင့် အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းတို့က မူးယစ်ဆေးဝါးအမျိုးမျိုးတို့၏ ကြောက်မက်ဖွယ်ရာ ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးအမျိုးမျိုးသုံးစွဲခြင်းကြောင့် လူနေမှုဘဝပေါင်းများစွာတို့၏ ထိခိုက်နစ်နာ ဆုံးရှုံးရမှုများ၊ ကွမ်းစားခြင်း၊ ဆေးလိပ်/ အရက်သောက်သုံးခြင်းနှင့် ကော်ရှူခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး ထိခိုက်မှုများ၊ မူးယစ်ရာဇာတို့၏ လူငယ်ထုအတွင်းသို့ နည်းအမျိုးမျိုးဖြင့် မူးယစ်ဆေးဝါးများကို ဖြန့်ဖြူးရောင်းချနေမှုများ၊ မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် မိသားစုတွင်း ပြဿနာများနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် HIV/ AIDS ရောဂါများအကြောင်း စသည်ဖြင့် အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

ပဲခူး၌ ကင်းထောက်သင်တန်းနှင့် နွေရာသီလူငယ်သင်တန်းဖွင့်ပွဲ ကျင်းပ

ပဲခူး ဧပြီ ၂၆

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဧပြီ ၅ ရက်နံနက်ပိုင်းက ကင်းထောက်သင်တန်းနှင့် နွေရာသီလူငယ်သင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ထောက်ပံ့ချီးမြှင့်ခဲ့သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက နွေရာသီသင်တန်းများ ဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

ဖွင့်လှစ်သင်ကြား

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့နှင့် ပြည်မြို့တို့၌ ကင်းထောက်သင်တန်း ၌ သင်တန်းသား သင်တန်းသူ ၁၂၀ ဖြင့်လည်းကောင်း၊ ယခုနှစ်မှစတင်၍ နွေရာသီလူငယ်သင်တန်းအား အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ယဉ်ကျေးလိမ္မာသင်တန်း၊ ကာယပညာသင်တန်း၊ ဘင်ခရာနှင့် ပန်းဖွားသင်တန်းတို့၌ ကျောင်းသား ကျောင်းသူ ၃၈၀ ဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီ ၂၃ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သနပ်ပင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၆ ခုမှ ပြည်သူ ၁၉၅ ဦး၊ ကဝမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀၃ ခုမှ ပြည်သူ ၃၀၅ ဦး စုစုပေါင်း ၅၀၀ တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

ရှင်းလင်းပြသ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးနယ်မြေတာဝန်ခံ ဦးစိုးဦးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင် ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

ဆက်လက်ဆောင်ရွက်သွားမည်

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့်အကြံပြုချက်များပေးခဲ့ကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သထုံခရိုင်၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

သထုံ ဧပြီ ၂၆

မွန်ပြည်နယ် သထုံခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းအောင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းလုပ်ငန်းများ၏ ကဏ္ဍအလိုက် အားသာချက်၊ အားနည်းချက်များနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ လျှပ်စစ်မာတာအားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် သထုံမြို့နယ်၊ ပေါင်မြို့နယ်တို့အတွက် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို တာဝန်ပေးအပ်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ဒိုက်ဦး ဧပြီ ၂၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း ဧက ၃၁၅၁၂ ဧကလျာထားသော်လည်း မြေပြင်လက်ရှိ နွေစပါးစိုက်ဧက ၆၂၄၉၄ ဧကအနက်မှ အထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းရာတွင် ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာ တောင်သူ ဦးကျောက်ခဲ၏ ဆင်းသုခ နွေစပါးစိုက်ခင်း ဧရိယာ ၁၀ ဒသမ ၃၀ ဧကအား (သင့်) ကိုယ်စားပြု စံကွက်ရွေးချယ်၍ ဝန်ကြီးဌာနကိုယ်စားပြုခရိုင်ရုံးညောင်လေးပင်ခရိုင်မှ ခရိုင်ဦးစီးဌာနမှူး ဦးဇော်မင်းနိုင်နှင့် ဒိုက်ဦးမြို့နယ် စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေးအဖွဲ့များ၊ တောင်သူများစုပေါင်း၍ ရိတ်သိမ်းခဲ့ရာ အစိုအထွက် ၁၁၇ ဒသမ ၂၇ တင်းထွက်ရှိခဲ့ပြီး အခြောက် အထွက် ၁၀၉ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၄-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၈၄၅	၂၉၁၀	၂၈၉၅	၂၈၅၅	၂၉၁၀	၂၉၃၀	၂၉၃၅	၂၈၉၅	၃၀၃၀	၃၀၅၅	၂၉၀၀	၂၉၁၅	၂၉၄၅	၂၉၄၀	၂၉၅၀	၃၃၇၅	၃၄၅၀
95 Ron	၂၉၆၀	၃၀၂၅	၃၀၁၀	၂၉၆၅	၃၀၂၅	၃၀၄၀	၃၀၄၅	၃၀၀၅	၃၁၄၅	၃၁၇၀	၃၀၁၀	၃၀၃၀	၃၀၆၀	၃၀၅၅	၃၀၆၅	၃၄၉၀	၃၅၆၀
HSD (500 ppm)	၂၄၁၀	၂၄၈၀	၂၄၆၅	၂၄၂၀	၂၄၈၀	၂၄၉၅	၂၅၀၀	၂၄၆၀	၂၆၀၀	၂၆၅၅	၂၄၇၀	၂၄၈၀	၂၅၁၅	၂၅၁၀	၂၅၁၅	၂၉၄၀	၃၇၂၅
HSD (50 ppm)	၂၄၆၀	၂၅၂၅	၂၅၁၀	၂၄၇၀	၂၅၂၅	၂၅၄၅	၂၅၄၅	၂၅၁၀	၂၆၄၅	၂၆၇၀	၂၅၁၅	၂၅၃၀	၂၅၆၀	၂၅၅၅	၂၅၆၅	၂၉၉၀	၃၇၈၅
HSD (10 ppm)	၂၄၆၀	၂၅၂၅	၂၅၁၀	၂၄၇၀	၂၅၂၅	၂၅၄၅	၂၅၄၅	၂၅၁၀	၂၆၄၅	၂၆၇၀	၂၅၁၅	၂၅၃၀	၂၅၆၀	၂၅၅၅	၂၅၆၅	၂၉၉၀	၃၇၈၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၀၈	၂၇၉၆
95 Ron	၂၈၁၈	၂၉၀၈
HSD (500 ppm)	၂၂၈၉	၂၃၆၄
HSD (50 ppm)	၂၃၃၅	၂၄၁၀
HSD (10 ppm)	၂၃၃၅	၂၄၁၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆۷- ၄၁၁၃۷၃၊ ၀၉-၂၅၄၆၂၅۷۷

၀၆۷- ၄၁၁၂၈၂၊ ၀၉-۷۷၅၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းစာသင်ဝိုင်းများတွင် စာသင်ကြားနေမှုများကို ကြည့်ရှုအားပေး

ပုသိမ် ဧပြီ ၂၆

ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအဖြစ် စာသင်ဝိုင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၄ ရက် ညနေပိုင်းက ပုသိမ်မြို့နယ်အတွင်းရှိ စာသင်ဝိုင်းများအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်း(ကွမ်းခြံ) စာသင်ဝိုင်း၊ အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း(ပုဂံ) စာသင်ဝိုင်း၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း(တံတားကြီးတန်း) စာသင်ဝိုင်း၊ ကိုးဆူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း စာသင်ဝိုင်း၊ အမှတ် (၂၁၁) ပျဉ်းကတိုး ကုန်းကျေးရွာ အခြေခံပညာမူလတန်းတန်းကျောင်း စာသင်ဝိုင်းနှင့် ပေါက်ကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ စာသင်ဝိုင်းတို့သို့သွားရောက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအဖြစ် တိုင်းရင်းသားပြည်သူများအား သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဆရာ ဆရာမများနှင့် စာသင်သားများအတွက် လက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ကြည့်ရှုအားပေး

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ဧလွန်မြို့နယ် ပြင်ရွာ ကျေးရွာအုပ်စု၌ ပြုလုပ်သည့် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးပြီး နွေစပါးစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးအခြောက် ၂၂၂ ဒသမ ၆ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၆

ကျောင်းသား ကျောင်းသူမျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာ ဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

သင်ကြားပေးလျက်ရှိ

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၁ ဦး၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၅၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၄ ဦးတို့ကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/ Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ဂ၀၊ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်း လူငယ်သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြား ပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မိတ္ထီလာမြို့နယ်၌ အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

မိတ္ထီလာ ဧပြီ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ပြည်သာယာမြောက်ရပ်ကွက်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးခြင်းကို မြို့နယ်အတွင်း၌ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၈ အုပ်စုတို့အား ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အတွင်း အပြီးကွင်းဆင်းဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်ဆောင်ရွက်ပေးခြင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့က ရပ်ကွက်ကျေးရွာများသို့ နေ့စဉ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ပြည်သာယာမြောက်ရပ်ကွက်အား ကွင်းဆင်းဆောင်ရွက်ရာတွင် အသက် ၁၈ နှစ်အထက် နိုင် ၆ (က) တွင် အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦးနှင့် အသက် ၁၈ နှစ်အောက် နိုင် ၃ (က)တွင် အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၇၅ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒများအရ အရေးယူခံရနိုင်ပါသည်။

ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) တိုးဂိတ်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း)ရှိ လမ်းအသုံးပြုခ ကောက်ခံလျက်ရှိသော တိုးဂိတ်များ ဖြစ်ကြသည့် စီလမ်းဆုံတိုးဂိတ်၊ ပန်းတင်မီနီ တိုးဂိတ်၊ သီးကုန်းမီနီတိုးဂိတ်၊ သီးကုန်းတိုးဂိတ်၊ ကံကောင်းမီနီတိုးဂိတ်၊ စကားအင်းတိုးဂိတ်၊ တံခွန်တိုင် တိုးဂိတ်များ၏ လမ်းအသုံးပြု ခကောက်ခံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး(မြို့ပြ)များနှင့် တိုးဂိတ်တာဝန်ခံများက နေ့စဉ်လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လမ်းအသုံးပြုခ ကောက်ခံရရှိငွေများ အပြည့်အဝ ကောက်ခံရရှိရေး၊ လက်လုပ်ပြေစာများဖြင့် ကောက်ခံမှုမရှိစေရေး၊ နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ကောက်ခံရရှိငွေစာရင်းများ ပြုလုပ်ရာတွင် ပုံစံအမျိုးမျိုး မဖြစ်စေဘဲ ရုံးချုပ်မှ သတ်မှတ်ထားသည့် ပုံစံအတိုင်း ဆောင်ရွက်ရေး၊ တိုးဂိတ်များအားလုံး CCTV/ ကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်စေပြီး လျှပ်စစ်မီးမပြတ်တောက်စေရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ထားရန် လိုကြောင်း၊ တိုးဂိတ်ပတ်ဝန်းကျင်သန့်ရှင်း သပ်ရပ်ပြီး ဥပမိရုပ်ကောင်းမွန်စေရေး၊ ယာဉ်ရပ်နားစခန်းဝင်းအတွင်း/အပြင် သန့်ရှင်းသပ်ရပ် သာယာလှပစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် နိုင်ငံတော်အတွက် အဓိကအရေးပါသည့် လမ်းမကြီးဖြစ်သဖြင့် တာဝန်ရှိသူ အဆင့်ဆင့်ကအမြဲမပြတ်စစ်ဆေးပြီး အလေးထား ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြား၍ တိုးဂိတ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သုံးခွမြို့နယ် လက်ပန်ချောင်ကျေးရွာအုပ်စုတွင် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်

သုံးခွ ဧပြီ ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများကရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်

သုံးခွမြို့နယ် လက်ပန်ချောင်ကျေးရွာအုပ်စုတွင် ယမန်နေ့နံနက်ပိုင်းက ပန်းခင်းစီမံချက်(၃)ဖြင့်အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်မြို့နယ် လဝကမှူး ဒေါ်မင်းမင်းသန်းက ၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသားဥပဒေအကြောင်းအရာများ၊ ပန်းခင်းစီမံချက်အကြောင်းအရာများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မပျောက်မပျက်အောင် စနစ်တကျ ထိန်းသိမ်းရန်လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား လိုအပ်သော သက်သေခံအထောက်အထားများ၊ စာရွက်စာတမ်းများစိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

❍ MNL Cup မှ

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် မိနစ် ၂၀ တွင် အဖွင့်ဂိုးရခဲ့ပြီးနောက် ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀ တွင် နန္ဒကျော်၊ ၃၄ မိနစ်တွင် ထက်ဖြိုးဝေ၊ ၄၅ မိနစ်တွင် သူရိန်ထွန်း၊ ၄၉၊ ၅၆၊ ၅၆၊ ၆၇ မိနစ်တွင် မိုတိုဟီရိုက ဟက်ထရစ်၊ ၈၈ မိနစ်တွင် စအောင်ပြည့်ကိုတို့က သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်းခ် ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက Glory Goal အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ၅၄၊ ၇၆ မိနစ်တွင် တိုက်စစ်မှူး ကျော်ကိုကို သွင်းယူသည့် ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အုပ်စု (ခ) တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းက ငါးပွဲကစား ၁၂ မှတ်စီ၊ ကချင်ယူနိုက်တက်အသင်းက လေးပွဲကစား ကိုးမှတ်၊ Glory Goal အသင်းက ငါးပွဲကစား သုံးမှတ်ရထားပြီး Rainbow အသင်းမှာမူ ငါးပွဲစလုံး ရှုံးကာ အမှတ်မရသေးပေ။

ဧပြီ ၂၇ ရက်တွင် အုပ်စု (ဂ) ပွဲစဉ်များ အဖြစ် သုဝဏ္ဏကွင်းခ် ငွေကြေယ်ပွင့်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ တက္ကသိုလ်ကွင်းခ် ဒဂုံစတားယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MNL

❒ ကျောဖုံးမှ

သူတို့ဒေသခံတွေကြားမှာ စိတ်အပန်းဖြေစရာနေရာလေးတစ်ခုပေါ့" ဟု ကိုနေမျိုးလှိုင်ကပြောသည်။

သင်္ကြန်ကာလက ၎င်းဆိုင်၏ဝန်ထမ်းများအား အပန်းဖြေခရီးလိုက်ပို့စဉ် မကြေးစည်ချောင်းသို့ အပန်းဖြေခရီးရောက်ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် ဓာတ်ပုံရိုက်ဝါသနာရှင်တစ်ယောက်ဖြစ်၍ ဝါသနာအရဓာတ်ပုံရိုက်ဖြစ်ပြီး မှတ်တမ်းတင်ခဲ့ရာမှ Group များ၊ Page အချို့တွင်ဖော်ပြမှုများကြောင့် လက်ရှိတွင် မကြေးစည်ချောင်းကို လူသိပိုများလာသည်။ "ဒေသခံတွေကြား ရေပန်းစားနေတဲ့ နေရာသစ်လေးပါ။ ကျွန်တော်လည်း မကြေးစည်ချောင်းအကြောင်းကို ကြားဖူးနေတာ ရေချိုးရတာအဆင်ပြေတယ်။ ရေကအေးတယ်၊ နေရာလေးလည်း လှတယ်လို့သိရတာနဲ့ ကျွန်တော့်ဆိုင်က ဝန်ထမ်းတွေကို သင်္ကြန်မှာ ခရီးလိုက်ပို့ဖြစ်ခဲ့တာပါ။ အဲဒီမှာ ရေပန်းစားနေတဲ့ မကြေးစည်ချောင်းကိုသွားမလားဆိုပြီးတော့ ဆိုင်ကဝန်ထမ်းတွေကို လိုက်ပို့ဖြစ်ခဲ့တာပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဓာတ်ပုံဝါသနာရှင်တစ်ယောက်ဆိုတော့ ဝါသနာအရဓာတ်ပုံရိုက်ဖြစ်ပြီး မှတ်တမ်းတင်တာပါ။ အခု ကျွန်တော် ရိုက်ခဲ့တဲ့ဓာတ်ပုံ အဲဒီချောင်းမှာဆိုရင် နွားကျောင်းသား၊ ဆိတ်ကျောင်းသားလေးတွေ ရေလာချိုးတာ။ အမြင့်ကြီးကနေရေထဲကို ဒိုက်ထိုးပြီးခုန်ချတာ ပုံလေးရိုက် လာတာပါ။ ကျွန်တော်က ဓာတ်ပုံလေးရိုက်ပြီးတင်လိုက်တဲ့ အချိန်မှာ သွားဖူးလာစရိုတဲ့ ညောင်ဦး၊ ပုပ္ပားဘက်အနီးဝန်းကျင်က လူတွေပိုသိသွားတယ်။ ပြီးတော့ group တော်တော်များများမှာလည်း share ကြတာတွေရှိတော့ လူသိပိုများတယ်"ဟုလည်း ၎င်းကပြောသည်။

အဆိုပါချောင်းသို့ သွားရောက်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့်အနေဖြင့် ပုလင်းခွံ၊ ပလတ်စတစ်များ၊ ဖော့ဘူးများ အစရှိသဖြင့် အမှိုက်ပစ်ခြင်းမျိုးမလုပ်စေလိုကြောင်း ၎င်းကပြောသည်။

MT

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ဧပြီ ၂၇-၄-၂၀၂၄ စနေနေ့

MRTV HD

- ၀၆:၀၀ အွန်လာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ရတနာသုတ်၊ဟေဗျုဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်တွင်းထုတ်ကုန်အားဖြင့်လူမှုဘဝ ဖြင့်မားစေရမည်
- ၀၉:၃၀ မြန်မာ့အာဟာရ...အရသာကပို ကျောက်တန်းငပိရည်ကျို
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ဓာရာအစီအစဉ်
- ၁၁:၄၀ တိုင်းရင်းသားရိုးရာအစား အစာချက်ပြုတ်နည်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ **'အာမ်းနားဆုံးသစ်ဝင်'** (အပိုင်း-၁၁)
- ၁၃:၃၀ MRTV National News
- ၁၄:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဇော်ဝင်စားပွဲ'** (အပိုင်း-၂၁)
- ၁၆:၃၅ ပုံပြင်ကဗျာအစီအစဉ် 'စစ်မှန်တဲ့အလှ'
- ၁၆:၄၅ ရွှေပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၁၀ ဆိုလာစွမ်းအင်မှသည်စိုက်ပျိုးရေးဆီသို့
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့်ကြယ်တာရာစတေလာ'** (အပိုင်း-၅၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြန်မာတေးအလှ
- ၂၁:၁၀ (၁၅)ကြိပ်ပြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ဇာတ်ဆက်ကြီးပိုင်ပွဲ) **'သုဝဏ္ဏသာမဇာတ်တော်ကြီး'** (၀ထမဆု)(ရန်ကုန်တိုင်းဒေသကြီး) (၀ထမပိုင်း)

mitv

- 07:02 Evergreen Classic: Dhamma Settkyar (Nan Sandi)
- 07:12 Weekly Review
- 07:29 Tour around Kyaukse
- 07:45 Myanmar Family Life: The Gardener
- 08:01 News
- 08:26 Hand In Hand To Prevent and Fight Drug Abuse
- 08:52 Wet Markets of Yangon: Thirimingalar Market
- 09:01 Quiz Time (Ep-36)
- 10:01 News
- 10:26 Topics Potpourri; The Ostrich Industry in Oudtshoorn
- 10:32 Children's Delight: Read more about me, Mind to Mind (I am a CAT)
- 10:42 Commercial Farming to GDP Growth, Cassava Grower
- 11:01 The Bamboo Hat

MRTV NRC

- **ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** 'တိုင်းသင်'ကျွန်းတိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ထုံးဓလေ့
- **၀ (၀၈:၀၀ မှ ၁၀:၀၀)** ပျော်ရွှင်စရာ '၀' ရိုးရာစကားထယင်ပိုင်း
- **ကချင် (၁၀:၀၀ မှ ၁၂:၀၀)** ကျန်းမာပျော်ရွှင်ယွယ်ရာလပါစက်ဘီးစီးရင်းအပန်းဖြေယ်
- **ကယား (၁၂:၀၀ မှ ၁၄:၀၀)** ဒုးကွင်း(ဒေါ်)ကူတိုးဒုပြုလုပ်ပုံ
- **၀ကောကရင် (၁၄:၀၀ မှ ၁၅:၀၀)** ဂေါ်ရန်ဂျီကျွန်းသဘာဝအလှ(အပိုင်း-၂)
- **အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** အသိကျခြင်းအတွက်ကျန်းမာစေသောနည်းလမ်းများ
- **အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** ရေနတ်ပူဂေါ်ခြင်း
- **ချင်း (လိုင်ဘီး) (၁၇:၀၀ မှ ၁၈:၀၀)** အုံ့ဖွယ်သစ္စာရှင်အောက်ချင်းမောင်နံ
- **ချင်း (ချီး) (၁၈:၀၀ မှ ၁၉:၀၀)** အလုပန်းစုံညီချင်းတောင်သီ
- **မွန် (၁၉:၀၀ မှ ၂၁:၀၀)** လုံခြုံနေးထွေးအရိပ်ပေးမှန့်တို့ရိုးရာအိမ်ကလေး
- **ရခိုင် (၂၁:၀၀ မှ ၂၂:၀၀)** ရှားစောင်းလက်ပစ်ရိုက်ကျန်းမာရေး

MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၀၅ လူပ်လှုပ်ရှားရှားအားကစား
- ၀၆:၃၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၃၀ ရှေ့သိုချီမည်ပန်းတိုင်သီ ''(၇၉)နှစ်ပြောက်တပ်မတော်နေ့ မိန့်ခွန်း-သုံးသပ်ချက်'' (အပိုင်း-၂)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၀:၄၅ ကမ္ဘာတစ်ဝှမ်းပြည်းစမ်းချင်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၁၅ Bird's Eye View
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအခြေခြာဇာတ်လမ်းတို **'သူတစ်ပါးအရေးဝေးခြင်း'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာလွှမ်းကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သိုချီမည်...ပန်းတိုင်သီ (အပိုင်း-၂၉)

MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နွားတွန်သံဆက်
- ၀၆:၃၀ စက်မှုလယ်ယာစွမ်းအား နိုင်ငံ့အင်အား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၃၀ "ကိုယ်ချစ်ပဝယ်ပင်းကြီးပ" (ဇာတ်လမ်း) အိရိုက်တာ-သားကြီး သရုပ်ဆောင်-ပြိုးငွေဝိုး၊ခင်ဝင့်ဝါ
- ၁၀:၀၀ How Texas Farmers Use 127 Million Acres Of Farmland - American Farming Documentary
- ၂၂:၀၀ Satyaprem.Ki.Katha.2023

MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၆:၃၀ MNL 2022 Match (Replay)
- ၁၀:၀၀ အားကစားသတင်း
- ၁၀:၄၀ Soccer View

MRTV Application

Android iOS Huawei

Education Channel ကို ဇုန်(၁)နှုတ် (၉:၀၀)နာရီမှ တင်ကြေးမီလျှမ် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

http://mrtv.gov.mm

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး။ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ပေါက်တော(တိုးချဲ့)၊ မြေကွက်အမှတ် – ၃၆၊ အကျယ်အဝန်း (၆၀' x ၈၀')၊ ဧရိယာ (၀. ၁၁၀)ဧက၊ (၄၈၀)စတုရန်းပေရှိ ကစ်တီသောင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၃၆)၊ လာဘ်ဝိုးဆွေ(၁)လမ်း မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်သိန်း (၁၁/ပတန(နိုင်)၀၄၉၈၈၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက မြေနှင့်အိမ်အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဇင်မာသက် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၅၇)

ဒေါ်ဝါဝါလှိုင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၆၅၀)

အမှတ်–၅၀၊ အခန်း (A-၂၀)၊ ပ–ထပ်၊ ဘဏ်လမ်း။ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉–၄၂၅၀၂၅၃၂၊ ၀၉ ၄၂၀၀၆၃၄၉၉

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး။ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– သုကမ(၁)တိုးချဲ့၊ ညောင်တုန်းလမ်း။ မြေကွက်အမှတ် – ၄၆၅၊ (၄၀' x ၆၀')။ ဧရိယာ (၀. ၀၅၅)ဧက၊ မြေကွက်အမှတ် – ၄၆၆၊ (၄၀' x ၆၀')။ ဧရိယာ (၀. ၀၅၅)ဧက၊ မြေကွက်အမှတ် – ၄၆၇၊ (၄၀' x ၆၀')။ ဧရိယာ (၀. ၀၅၅)ဧကအသီးသီးရှိ ဒေါ်အေးမြသင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ဒေါ်အေးမြသင်းထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာရွက်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသံဒိုင် (၈/ပခက (နိုင်)၁၄၁၃၃၄)၊ ဦးမြတ်ကောင်းထက်ဇော် (၁၂/ဗဟန (နိုင်) ၀၉၇၂၂၁)၊ ဦးမြတ်ကောင်းထက်ဇော် (၁၂/ဗဟန (နိုင်) ၀၀၃၇၁၆)တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများက တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ၁၁/၁၄ ရပ်ကွက်၊ ဝိတောက်လမ်းရှိ အမှတ်(၂၅)ဟုခေါ်တွင်သော အလျား (၂၂ ပေ) x အနံ (၆၀ပေ) ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ် (၁) လုံးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးညီညီထွေး [၁၂/တတန(နိုင်)၁၄၇၁၅၁]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးစာခန်ဇွဲခန့်နောင်ချို [၁၂/လမန (နိုင်)၂၆၅၀၂] က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြေငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် (26–C2)၊မြေကွက်အမှတ်(V၄၁)၊ ဧရိယာ(၀.၀၂၉)ဧက၊ မြေကွက်တည်နေရာ–အမှတ်(၇၉)၊ ကွမ်းရွှေတန်းလမ်း၊ စွေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကျင်ဝှက်၊ ဦးပန်ခိုင် အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်(သက်ကုန်)မြေကွက် ဖြစ်ပါသည်။ ယင်းမြေကွက်အား အမည်ပေါက် ဦးကျင်ဝှက်နှင့် ဦးပိန်တို့မှ မေတ္တာဖြင့် အပိုင်လွှဲပြောင်းပေးအပ်သည့်စာချုပ်အမှတ်–၇၂၃/၁၉၈၀(၂၆–၁၂–၁၉၈၀)ဖြင့် ဒေါက်တာဒေါခင်မွန်(ခ) မြေဖိန်၊ ဒေါက်တာဒေါခင်ခင်သက်(ခ)စိန်လှိုင်၊ ဒေါက်တာဦးအောင်ဇော်၊ ဒေါရီရီသိန်းတို့ (၄)ဦးသို့ တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ၎င်းတို့(၄)ဦးအနက်မှ ဒေါက်တာဦးအောင်ဇော်သည် (၂၇–၁၂–၁၉၉၂)ရက်နေ့တွင် ကွယ်လွန် ခဲ့ကြောင်း၊ ဒေါက်တာဦးအောင်ဇော်တွင် ဒေါ်သင်းသင်းကြည် (ခ) ဒေါ်သိန်းကြည်မှလွဲ၍ အခြားဇနီး/မယား တစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတို့ဇနီးမောင်နှံသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်၍ ဒေါက်တာဦးအောင်ဇော် ကွယ်လွန်ပြီးနောက် အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အနက်မှ ကွယ်လွန်သူ ဒေါက်တာဦးအောင်ဇော်၏ ပိုင်ဆိုင်ခွင့်အစုအား တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သင်းသင်းကြည်(ခ) ဒေါ်သိန်းကြည်ကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဒေါ်သင်းသင်းကြည်(ခ)ဒေါ်သိန်းကြည်က ကျောက်တံတားခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်–၁၇၃၈/၂၀၂၄(၂၄–၄–၂၀၂၄)နှင့် ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါက်တာဦးအောင်ဇော်၏သေစာရင်း မိတ္တူမှန်၊ နှစ်(၆၀) မြေငှားဂရန်၊ အပိုင်ပေးစာချုပ်အမှတ်–၇၂၃/၁၉၈၀(၂၆–၁၂–၁၉၈၀)၊ အိမ်ထောင်စုလူဦးရေ စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ဒေါ်သင်းသင်းကြည်(ခ) ဒေါ်သိန်းကြည် [၁၂/ဗဟန(နိုင်)၀၈၁၀၇၄]၊ ဒေါ်ခင်မွန်[၁၂/ဒဂန(နိုင်)၀၀၈၀၀၁]၊ ဒေါ်ခင်ခင်သက်[၁၂/ကမတ(နိုင်)၀၁၅၄၇၈]၊ဒေါ်ရီရီသိန်း[၁၂/ကမတ(နိုင်)၀၄၇၇၆၂]တို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ သိပ္ပံမောင်ဝလမ်း၊ မြေကွက်အမှတ်(စ/))၊ အကျယ်အဝန်း(၇၅ပေx၁၂၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်အား မြေအမည်ပေါက်ပိုင်ဆိုင်သူ ဦးဥာဏ်ဇော် [၁၂/မရက(နိုင်)၀၁၉၄၅၁] မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရတနာနွေး(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၄၇)
အမှတ်(၅၅၂/က)၊ အင်ကြင်းလမ်း၊
(၂၂)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၇၈၀၈၀၀၀၇၀

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်နီးကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃–သုဝဏ္ဏ)၊ မြေကွက်အမှတ်(၇၄)၊ ဧရိယာ(၀.၁၂၄ဧက)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်အေးမာဦး အမည်ဖြင့် တည်ရှိနေသော်လည်း ၎င်းထံမှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်–၈၇၀၉/၂၀၂၃ ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဦးနေမျိုးထွန်း [၁၁/သတန(နိုင်)၀၀၄၄၈၀]နှင့် ဒေါ်ထွေးထွေး [၁၁/သတန(နိုင်) ၀၀၀၆၉၅]တို့ထံမှ အဆိုပါမြေကွက်ကြီး အနက်မှ မခွဲမစိတ်ရသေးသော အကျယ်အဝန်း (အလျား၃၉ပေ၀၉လက်မx အနံ၆၈ပေ)ရှိ မြေအစိတ်အပိုင်းနှင့် အဆိုပါမြေပေါ်တွင် တည်ဆောက်ထားသော နှစ်ထပ်အိမ်အသေးတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်မာဆွေ LL.M
တရားလွှတ်တော်ရှေ့နေ (စဉ်– ၇၈၉၈)
အမှတ်– ၉/၁၁၊ ပထမထပ်၊ အခန်းအမှတ် (၁၀၃ A+B)၊ ၃၆–လမ်း၊
ကျောက်တံတားမြို့နယ်။ ဖုန်း – ၀၉–၅၁၀၃၈၉၇၄

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး။ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉၉–က၊ မြေကွက်အမှတ်(စ/၄၆)၊ ဧရိယာ(၀.၂၂၆–ဧက)အကျယ်ရှိ ဦးကျော်လှမြင့် [၇/သဝတ(နိုင်)၀၅၈၂၂၄]၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်လှမြင့် [၇/သဝတ(နိုင်)၀၅၈၂၂၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ထိုအတွက် အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇ ရက်)အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်သို့ ရောက်ရှိသည့်တိုင် ကန့်ကွက်မည့်သူ တစ်စုံတစ်ဦးမျှမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ

ဦးအောင်ဇော်မျိုး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၂၃၃)

ဒေါ်ဝင်းပပ (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၆၆၀)

အမှတ်–၁၂/၁၃၃၊ အခန်းအမှတ်–6–B၊ Pansodan Business Tower
ပန်းဆိုးတန်းလမ်းနှင့်အရှေ့ရထာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Phone: 09–5184231, 09–8614512, 09–49208402

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ကျွန်စစ်သားရပ်ကွက်၊ ဗိုလ်ရန်နိုင်လမ်းရှိ အမှတ်(၆၁၅)ဟုခေါ်တွင်သော အလျား(၅၀ပေ) x အနံ(၁၂½ပေ) ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်(၁) လုံးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူများဖြစ်ကြသော ဦးသန်းနိုင် [၁၂/ဒလန(နိုင်)၀၆၁၈]၊ ဒေါ်နှင်းဝတ်ရည်၊ ဦးသန့်ဇင်မောင် [၁၂/ဒလန(နိုင်)၀၈၆၈၉၇]နှင့် ဒေါ်အင်ကြင်းဖြူ [၁၂/ဒလန(နိုင်) ၁၀၆၅၃၀]တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးစန္ဒာ [၁၂/ဒလန(နိုင်)၀၇၁၅၉၂]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်ကျော်နိုင် (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၅၈၉)
အမှတ် (၅၂၈)၊ ရတနာသမီး၊ သမြတ်ကုန်း/အရှေ့ပိုင်း၊ ဒလမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၂၇၀၅၁၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေနှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများနှင့် တင်ဒါခေါ်ဝယ်ယူမည့် လမ်း၊ တံတားလုပ်ငန်းသုံးပစ္စည်းများ (ကတ္တရာ၊ လမ်းမီးဆက်စပ်ပစ္စည်းများ၊ Transformer၊ ပလတ်စတစ်ရေဆေး၊ သာမိုပလတ်စတစ်ဆေးနှင့် Ready–mixed Concrete ဝယ်ယူခြင်း) အား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် –

တင်ဒါပုံစံစတင် ရောင်းချမည့်ရက်	–	၂၉–၄–၂၀၂၄ ရက်
တင်ဒါပုံစံပိတ်မည့်ရက်	–	၁၀–၅–၂၀၂၄ ရက်၊ (၁၆:၀၀) နာရီ
တင်ဒါပေးသွင်းရမည့်နေရာ	–	အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်–

အင်ဂျင်နီယာဌာန (လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း – ၀၆၇–၄၃၂၀၃၇၊

တင်ဒါကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၁၂)ဟုခေါ်တွင်သော မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(V၄၅)၊ အကျယ်အဝန်း (၃၀' x ၃၇' . ၅")/(၃၈' . ၆")ရှိ ဦးဝေ အမည်ပေါက် နှစ်(၉၀) မြေငှားဂရန်အနက်မှ အကျယ်အဝန်း (၁၀' x ၃၇' .၅" / ၃၈' .၆")မြေနှင့် ယင်းမြေကွက်ပေါ်ရှိ သီးခြား (၂)ထပ် (၂)ခန်းပါနေအိမ်ကို မြေအမည်ပေါက် ဦးဝေ၏ (၁၉–၅–၁၉၈၃)ရက်စွဲပါ " မိသားစုကတိပြုစာချုပ် " အရပိုင်ဆိုင်သူ ဒေါ်အေးမြင့် (RGN–၀၁၈၉၆၇)၏ ဆက်ခံသူတစ်ဦးဖြစ်သူ ဒေါ်သန်းသန်းအေး [၁၂/မဂတ(နိုင်)၀၄၆၄၅၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစီမိုရ(ခ) ဦးအောင်အောင်လွင် [၁၂/မဂတ(ဧည့်)၀၀၀၁၉၅]က (၃၀–၁–၂၀၁၉)ရက်စွဲပါ "မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်" ဖြင့် ဝယ်ယူပြီးကတည်းက ယနေ့အချိန်ထိ တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေလက်ဝယ်ပိုင်ဆိုင်ထားသည့် အထက်ပါမြေနှင့်နေအိမ်၏ ပိုင်ရေး၊ ပိုင်ခွင့်ကို ထိပါးနှောင့်ယှက်လာပါက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်မာမာသိန်း (LL.B)
(စဉ်–၈၇၉၂)

ဒေါ်နီနီဝင်း (LL.B)
(စဉ်–၅၁၇၁၈)

ဦးထွန်းသူအောင် (LL.B)
(စဉ်– ၅၅၇၆၄)

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း– ၀၉–၅၀၈၈၆၆၅ ၊ ၀၉–၅၀၆၄၉၅၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် (26–F5)၊ မြေကွက်အမှတ်(၉၁)၊ ဧရိယာ(၀.၀၂၉)ဧက၊ မြေကွက်တည်နေရာ–အမှတ်(၈၄)သရက်တော(၃)လမ်း၊ သရက်တောတောင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်အေးကျင်[၁၂/ကမတ (နိုင်)၀၄၀၁၃၇] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက် အမည်ပေါက် မိခင် ဒေါ်အေးကျင်နှင့် ဖခင် ဦးမောင်စိန်တို့သည် ဦးမောင်မောင်ခင်၊ ဒေါ်ခင်အေးမူ၊ ဒေါ်ခင်မိမိ၊ ဦးဖြင့်ဝေ၊ ဒေါ်ခင်အေးဖြင့်၊ ဦးဖြိုးဝေ၊ ဦးနီထွေးတို့ သားသမီး(၇)ဦးကိုသာ မွေးဖွားခဲ့ပါကြောင်း၊ အခြားအမွေစားအမွေခံကိတ္တိမသားသမီးများ မွေးစားခဲ့ခြင်းမရှိပါကြောင်း၊ အမည်ပေါက်(မိခင်) ဒေါ်အေးကျင်သည် (၁၀–၆–၂၀၁၀)ရက်နေ့၊ (ဖခင်) ဦးမောင်စိန်သည် (၂၁–၈–၁၉၇၃)ရက်နေ့၊ ဒေါ်ခင်အေးမူသည် အပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးများ တရားဝင်မွေးစားခဲ့ခြင်းမရှိဘဲ (၂၀–၄–၂၀၂၂)ရက်နေ့တို့တွင်ကွယ်လွန်ခဲ့ကြောင်း၊ ကွယ်လွန်သူများနှင့် ၎င်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်၍ ကွယ်လွန်သူ မိခင် ဒေါ်အေးကျင် ပိုင်ဆိုင်သော အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်သားသမီးအရင်းများဖြစ်သော ၎င်းတို့(၆)ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဦးမောင်မောင်ခင် [၁၂/ဌကမ(နိုင်)၀၆၈၃၈၉]၊ ဒေါ်ခင်မိမိ [၁/ကမတ(နိုင်)၀၃၉၂၄၆]၊ ဦးဖြင့်ဝေ [၉/သစန(နိုင်)၀၇၇၀၉၅]၊ ဒေါ်ခင်အေးဖြင့် [၁/ကမတ(နိုင်)၀၃၈၆၅]၊ ဦးဖြိုးဝေ [၉/သစန(နိုင်)၀၇၆၉၉၇]၊ ဦးနီထွေး[၁/ကမတ(နိုင်)၀၄၀၁၃၈]တို့က လသာမြို့နယ် တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်– ၃/၁၀၇၄/၂၀၂၄(၁၉–၃–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက်စာချုပ်တို့ကို တင်ပြ၍ ဦးမောင်မောင်ခင်၊ ဦးဖြင့်ဝေ၊ ဒေါ်ခင်အေးဖြင့်၊ ဦးဖြိုးဝေ၊ ဦးနီထွေးတို့ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစ

ကျေးဇူးတင်၊ ဝန်ချတောင်းပန်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ်-၃၄(ပထပ်)နေ မောင်ဥာဏ်လင်းအောင် [၁၂/မဂတ(နိုင်)၁၂၀၉၅၇]မှ မရွှေရည်လင်းထက်နှင့် မောင်ရန်နိုင်လင်းတို့ အပေါ် ကျေးဇူးတင်ရှိပြီး ဝန်ချတောင်းပန်ကြောင်း ကြေညာထည့်သွင်းအပ်ပါသည်။

ကျွန်တော် မောင်ဥာဏ်လင်းအောင်သည် မောင်ပြည့်ဖြိုးလင်း၊ မောင်လင်းဟိန်းစိုး၊ မောင်ထက်မြတ်အောင်တို့နှင့်အတူ မောင်ရန်နိုင်လင်းကို ဒဏ်ရာရရှိသည်အထိ ကိုယ်ထိလက်ရောက်ပြုမူခဲ့မိသည့်အတွက်လည်း ကောင်း၊ မောင်ရန်နိုင်လင်းနှင့် မရွှေရည်လင်းထက်တို့ကို ကိုယ်စိတ်ပင်ပန်းအောင်ပြုလုပ်မိခဲ့သည်များအတွက်လည်းကောင်း၊ လာရောက်တွေ့ဆုံတောင်းပန်ပြောကြားရန် ပျက်ကွက်ခဲ့ပြီး ယခုမှလာရောက်တွေ့ဆုံ တောင်းပန်ခြင်းနှင့် ပတ်သက်ပြီး မောင်ရန်နိုင်လင်း၊ မရွှေရည်လင်းထက်တို့မှ မေတ္တာတရားရှေ့ထားပြီး လက်ခံဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားအပ်ပါသည်။

နောက်နောင်တွင်လည်း မောင်ရန်နိုင်လင်းတို့ လင်မယားအပေါ် လူမှုရေးအရလည်းကောင်း၊ ကိုယ်ထိလက်ရောက်အားဖြင့် လည်းကောင်း ထပ်မံနှောင့်ယှက် ထိခိုက်ဒဏ်ရာရရှိအောင် မပြုလုပ်တော့ပါဟု ကတိပြုတောင်းပန်ပါကြောင်း ကြေညာထည့်သွင်းအပ်ပါသည်။

မောင်ဥာဏ်လင်းအောင်
[၁၂/မဂတ(နိုင်)၁၂၀၉၅၇]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်း၊ရပ်ကွက်အမှတ်-၁၀၊မြေကွက်အမှတ်-၅၈၁/ခ၊မြေကွက်တည်နေရာအမှတ်-၅၈၁/ခ၊သံသုမာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ဦးအေးလှိုင်(LMA-004395)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဦးအေးလှိုင်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ်-၁၄၉၅/၂၁-၇-၉၅ဖြင့်ဒေါ်တင်လှမှရရှိပြီး၄င်းထံမှအရောင်းအဝယ်စာချုပ်အမှတ်-၃၂၇၅/၂၈-၇-၉၇ဖြင့်ဦးအောင်မျိုးသိန်းမှဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုဦးအောင်မျိုးသိန်း(လူပျိုကြီးဘဝဖြင့်)ကွယ်လွန်ပြီးဦးအောင်မျိုးသိန်းတွင် အစ်မသုံးယောက်၊အစ်ကိုတစ်ယောက်နှင့်ညီမနှစ်ယောက်ရှိကြောင်းဦးအောင်မျိုးသိန်း၏အစုအတွက်ညီမများဖြစ်ကြသောဒေါ်နီနီအောင်(၁၂/ဥကတ(နိုင်)၀၁၅၁၈၃)၊ဒေါ်သင်းသင်းအောင်(၁၂/ဥကတ(နိုင်)၁၁၂၂၈၃)ကအမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရအမွေဆက်ခံပိုင်ဆိုင်သည့်ညီမများတော်စပ်ကြောင်း ကျွမ်းကျိန်လွှာအမှတ်-၂/၂၉၉/၂၀၂၄(၇-၂-၂၀၂၄)၊ထောက်ခံ ကျွမ်းကျိန်လွှာ(၂)စောင်၊ဂရန်၊နိုင်/ကတ်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"မြန်မာလေ့ထုံးတမ်းနှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်၊ (၅)ရပ်ကွက် နေထိုင်သူ ဒေါ်နန်းမိုးမိုးအေး [၁၃/မကန(နိုင်)၀၀၀၀၈၁] (ဘ) ဦးစိုင်းအိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းမိုးမိုးအေးနှင့် ဦးစိုင်းလိတ် [၁၃/ကတတ(နိုင်)၀၀၁၇၇၁]တို့သည် ၂၀၁၉ခုနှစ်တွင် မြန်မာလေ့ထုံးတမ်းနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါ ဦးစိုင်းလိတ်နှင့် ဒေါ်နန်းမိုးမိုးအေးတို့သည်တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သဖြင့်လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့်လည်းကောင်း၊(၂၄-၄-၂၀၂၄)ရက်နေ့တွင်ဤ"နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းစာချုပ်"ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ နှစ်ဖက်သောမိသားစုနှင့် အသိသက်သေများ ရှေ့မှောက်တွင် မြန်မာလေ့ထုံးတမ်းနှင့်အညီ တရားဝင်ကွာရှင်းကြောင်း လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့ကြောင့် ဦးစိုင်းလိတ်နှင့် ဒေါ်နန်းမိုးမိုးအေးတို့သည် ကွာရှင်းပြီးသည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နန်းမိုးမိုးအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရည်မွန်စော်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၅၇၈၂)
အမှတ်-၆၅ ၊ ၄လွှာ (အေ+ဘီ)၊ အောင်မင်္ဂလာလမ်း၊
ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၉၄၀၈၁၈၀၀၀

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ လူနေရပ်ကွက်အမှတ်-၆/၁၄၊ ရွှေလီလမ်း၊ မြေကွက်အမှတ်-၂၃(ခ)၊ အကျယ်ပေ (၂၂.၅x၆၀)ရှိ ဒေါ်ခင်တင့် အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော ဂရန်မြေအမျိုးအစား မြေကွက်ကြီး

အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း အကျယ် ပေ (၁၀x၆၀)ရှိ အိမ်မြေအစိတ်အပိုင်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ဒေါ်ခင်တင့်အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အကျယ်ပေ (၂၂.၅x၆၀)ရှိ မြေကွက်ကြီးအား ဒေါ်ခင်တင့်ထံမှ (၈-၁-၁၉၉၅)ရက်စွဲပါ စာချုပ် ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ မိခင်ဒေါ်ညိုမြ [၁၂/အစန(နိုင်)၁၂၁၉၅]မှ သမီးဖြစ်သူ ဒေါ်ဝင်းနွယ်ဆွေ [၁၂/ရပသ(နိုင်)၀၅၀၅၁၉]၏ အမွေပုံဝေစုအဖြစ် ခွဲဝေပေးအပ်ခဲ့သည့် အထက်ဖော်ပြပါ အိမ်မြေအစိတ်အပိုင်းအား ပိုင်ရှင်ဒေါ်ဝင်းနွယ်ဆွေမှ အိမ်မြေပိုင်ဆိုင်မှုအဖြစ် ဒေါ်ခင်တင့် အမည်ပေါက် နှစ်(၆၀)ဂရန်မိတ္တူဖြင့် လွှဲပြောင်းပေးအပ်ရောင်းချခဲ့ခြင်း အပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးအောင် [၁၂/ရပသ(နိုင်)၀၆၄၀၇၆] သည် (၂၅-၄-၂၀၂၄)ရက်စွဲပါ စာချုပ်ဖြင့် အပြီးအပိုင်လွှဲပြောင်းပယ်ယူခဲ့ပြီး ဖြစ်ကြောင်းနှင့် အထက်ပါ အိမ်မြေအစိတ်အပိုင်းနှင့် ပတ်သက်၍ ဦးပြည့်ဖြိုး ဦးမှသာ အကျိုးခံစားပိုင်ဆိုင်ခွင့်ရှိသူ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးပြည့်ဖြိုးအောင်
[၁၂/ရပသ(နိုင်)၀၆၄၀၇၆]
အမှတ်-၁၈၉(က)၊ ဂရုဏာလမ်း၊
(၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလွင်(LL.B.,D.B.L)
တရားလွတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
အမှတ်-၁၁၂ ဗိုလ်ချုပ်လမ်း၊ (၅)
ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။
ဖုန်း-၀၉-၅၁၈၄၆၈၀၉

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သော ဒေါ်ထက်ရွှေရည်စံ [၅/ဟမလ(နိုင်) ၀၈၄၉၈၁]ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်ထက်ရွှေရည်စံ၏ ကောင်းမွန်သော ဂုဏ်သတင်းဖြင့် အလုပ်လုပ်ကိုင်နေသည့် လုပ်ငန်းခွင်တွင် သော်လည်းကောင်း၊ ပိုင်ဆိုင်သည့် ကုမ္ပဏီ လုပ်ငန်းအမည်များနှင့် အလုပ်လုပ်ကိုင်နေသော လုပ်ငန်းခွင်တွင်သော် လည်းကောင်း၊ နေထိုင်ရာပတ်ဝန်းကျင်တွင် သော်လည်းကောင်း ဒေါ်ထက်ရွှေရည်စံ ဂုဏ်သိက္ခာ ကျဆင်းစေမည့် အပြုအမူများပြုလုပ်ခြင်း၊ ပြောဆိုခြင်း လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိနိုင်အောင် ပြောဆိုခြင်းများ နှင့် Social Network များမှတစ်ဆင့် ဒေါ်ထက်ရွှေရည်စံ၏ ဂုဏ်သိက္ခာကျဆင်း စေမည့် စာသားများ မဟုတ်မမှန် ရေးသားခြင်းများအား မည်သူတစ်ဦး တစ်ယောက်မျှ မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်ပြောဆိုခြင်း၊ ရေးသားဖော်ပြ ခဲ့ခြင်းများရှိပါက ထိုသူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ထက်ရွှေရည်စံ၏ လွှဲအပ်ချက်အရ
ဒေါ်နှင်းပွင့်လှိုင် LL.B
တရားလွတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)
အမှတ်(၃၃၀)၊ ဥဒွန်နာ(၆)လမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၉၃၂၈၇

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၂)လမ်း၊ အမှတ်(B - ၁၉၉)နေ ဦးလှထွန်း [၁၂/သကတ(နိုင်)၀၆၂၄၃၆] + ဒေါ်ဝင်းမာကြည် [၁၂/သကတ(နိုင်)၀၆၅၅၂] တို့၏သမီး မသူသူလှထွန်း [၁၂/သလန(နိုင်)၁၃၅၃၈၀] သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘများ၏ ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူနေထိုင်ပါသဖြင့် သမီးဖြစ်သူအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကျော်ကျော်နိုင် (LL.B, D.B.L, D.I.L)
တရားလွတ်တော်ရှေ့နေ (စဉ်- ၁၅၅၈၉)
အမှတ်(၅၂၈)၊ ရတနာလမ်း၊ သမြေကုန်း/အရှေ့ပိုင်း၊ ဒလမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၂၇၀၅၁၁၄

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး၃၀ဒေ အမိန့် ၅၊ နည်း၃ပဒေ ၂၀) ဗိုလ်တထောင်ခရိုင်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၈၅

ဒေါ်တင်တင်ရွဲ့ နှင့် ၁။ ဒေါ်သိန်းသိန်း
၂။ ဦးဝင်းကြည်
၃။ မနီလာဝင်း
၄။ နေမင်းဝင်း
၅။ မေမြတ်ဖြိုးခင်
၆။ ဟိန်းထက်အောင်
၇။ ဦးမြင့်ထွန်းဦး
၈။ ဦးမြင့်ထွန်းသန်း
၉။ ဒေါ်အေးအေးမော်
၁၀။ ဒေါ်နုနုလွင်
၁၁။ ဦးဝင်းမြတ်ထွန်း

တရားလို တရားပြိုင်များ

အမှတ်(-)၊ ရွှေသွယ်(၃)ရပ်ကွက်၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးရပ်နေ မနီလာဝင်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

တိုက်အမှတ်(၃၇/၆လွှာ)၊ ကျားကွက်သစ်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရပ်နေ ဦးမြင့်ထွန်းသန်း (ယခုနေရုပ်လိပ်စာမသိ) သိစေရမည်။

အမှတ်(၁၈)၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ရပ်နေ ဟိန်းထက်အောင် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်တို့အပေါ်၌ ဒေါ်တင်တင်ရွဲ့က **အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၄ ခုနှစ်၊ မေ လ ၈ ရက်။ (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အဖိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီ လ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(နိုင်လင်း)
တွဲဖက်ခရိုင်တရားသူကြီး(၃)
ဗိုလ်တထောင်ခရိုင်တရားရုံး

ပတ်စ်ပို့ပျောက်

ကျွန်မ မချစ်ဇူလိုင်မိုး[၁၂/တမန(နိုင်)၁၄၃၃၃၉]၏ နိုင်ငံကူးလက်မှတ်အမှတ် MI796790 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန်-

Ph: 09-266266786

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ်-၁၁၄၉/က၊ မြေကွက်တည်နေရာအမှတ်- ၁၁၄၉/က၊ ဗျာပုံလမ်း၊ ၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်(ဦးကံအေး) (CG-၀၂၂၆၉၁၁) အမည်ပေါက် နှစ်(၆၀) မြေဌားဂရန်မြေအား အမည်ပေါက် ဦးကံအေးနှင့် ၎င်းထံမှ ဝယ်ယူခဲ့သူ ဦးလှထွန်း၊ ဒေါ်ဝင်းဝင်းကြည်တို့အား (တရားပြိုင်)ထားကာ ဒေါ်မင်းစုနိုင်[၉/မခန(နိုင်)၂၂၇၂၈၅၅]မှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံးတွင် အရောင်းစာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသည်ဖြင့် (တရားရှုံး)များကိုယ်စား ဘီလစ် ဒေါ်မြင့်မြင့်ကြည် [၁၂/ဒပန(နိုင်)၀၂၈၃၄]မှ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တရားရုံး၏တရားမကြီးမှု အမှတ်-၂၆/၂၀၂၂ (၂၆-၁၀-၂၀၂၂) တရားမဇာရီမှုအမှတ်-၂၄/၂၀၂၂(၂၉-၁၂-၂၀၂၂)၊ တရားမဇာရီမှု နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာ၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် တစ်ထပ်တိုက် တစ်လုံးရှိပြီး မြေကွက်အမှတ်-၁၁၄၉(က)နှင့် ၁၁၄၉(ခ) ပူးတွဲ၍ ကုန်စုံဆိုင်ဖွင့်လုပ်ထားပါသည်။ လျှောက်ထားသူမှ မြေကွက် ၁၁၄၉/ခ မိခင်ဖြစ်သူ ဒေါ်ရင်ရင်မြအမည်ပေါက် မြေကွက်နှင့် ပူးတွဲအသုံးပြုထားကြောင်းနှင့် ကွင်းဆင်းသိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တောင်ကြီးမြို့၊ မြို့တော်ခန်းမအတွင်း LED Board တပ်ဆင်ခြင်း လုပ်ငန်း၊ အမျိုးအစား (Fixed P3 Indoor LED Display)၊ အတိုင်းအတာ (10mx4m)အား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ - (၃၀-၄-၂၀၂၄)မှ(၁၃-၅-၂၀၂၄)
ရောင်းချမည့်နေ့ရက်/အချိန် ရက်နေ့အထိ(ရုံးချိန်အတွင်း)
တင်ဒါတင်သွင်းရမည့် - (၁၄-၅-၂၀၂၄)ရက်နေ့
နောက်ဆုံးနေ့ရက်/အချိန် (၁၆:၃၀)နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာ ရေးဌာန၊ တောင်ကြီးမြို့။
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း(၀၉-၄၀၃၇၁၂၅၀၇) သို့ ရုံးချိန်အတွင်း စုံစမ်း၀ယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး၃၀ဒေအမိန့် ၅၊ နည်း၃ပဒေ ၂၀) သၿဃ်နိုးကျွန်းခရိုင်တရားရုံး ၂၀၂၂ ခုနှစ်၊ တရားမကြီးအမှုအမှတ် - ၆၉၄

ကမ္ဘောဇောဏ်လိမ်တက် [ဌင်း၏ကိုယ်စား ဘဏ်မှတာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဖြိုးဆုဝေ (လက်ထောက်မန်နေဂျာ)] [ဗိုလ်မြတ်ထွန်းလမ်း (ခရစ်လမ်း) ဘဏ်ခွဲ]	နှင့် YBIG ကုမ္ပဏီလိမ်တက် (ဌင်းကုမ္ပဏီ၏ ဒါရိုက်တာများ ဖြစ်ကြသည့် ဦးကောင်းခန့်အောင်၊ ဦးမြင့်မိုရ်ဦး)
(တရားလို)	**(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သၿဃ်နိုးကျွန်းမြို့နယ်၊ (ဆ/ခ) ရပ်ကွက်၊ မေဆအိမ်ရာ ဝင်ပေါက်ဘေး၊ လေးထောင့်ကန်လမ်းမကြီး၊ တိုက် (G-6) နေ တရားပြိုင် ဦးမြင့်မိုရ်ဦး (**ယခုနေရပ်လိပ်စာမသိသူ**)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ဘဏ်ချေးငွေနှင့် ကျသင့်အတိုးငွေ စုစုပေါင်း ငွေ (၈၃၁, ၇၇၇, ၉၀၂. ၇၈) ငွေကျပ် သိန်းရှစ်ထောင့်သုံးရာ တစ်ဆယ့် ခုနစ်သိန်း ခုနစ်သောင်း ခုနစ်ထောင် ကိုးရာ့ နှစ်ကျပ် ခုနစ်ဆယ့်ရှစ်ပြားတိတိရလိုမှု"** စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ (၁၃) ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အဖိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

ဧပြီ ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(မောင်မောင်သက်လွင်)
ခုတိယခရိုင်တရားသူကြီး (၄)
သၿဃ်နိုးကျွန်းခရိုင်တရားရုံး

ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၅-၄-၂၀၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၂၂ တွင် ပါရှိသော ဦးမြတ်ဝေချို [B.A (Law), LL.B] တရားလွတ်တော်ရှေ့နေ၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဖော်ပြထားသော ဒေါ်အိစောနည်အောင် ဝယ်ယူမည့် သၿဃ်နိုးကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၇ လမ်း၊ အိုင်း၄၊ အမှတ် ၃၃၆ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ တိုက်အမှတ် (၂၇၃)၊ ၇-လွှာ(ဝဲ)၊ ၃၉-လမ်းရှိ လူနေတိုက်ခန်းအား ငှားရမ်းနေထိုင်သူ ဦးလှစိုး (၁၂/ကတတ (နိုင်) ၀၂၂၁၃)

အထက်ဖော်ပြပါလူနေတိုက်ခန်းနှင့်ပတ်သက်၍ အခန်းပိုင်ရှင် ဒေါ်မေမျိုးမင်း (၁၂/ကတတ (နိုင်) ၀၂၂၀၃၆)မှ အခန်းငှားရမ်းသူဖြစ်သော ဦးလှစိုး (၁၂/ကတတ (နိုင်) ၀၂၂၁၃)အား (၁၆-၃-၂၀၂၃) နေ့မှ (၁၆-၁၂-၂၀၂၃)နေ့အထိ (၉)လငှားရမ်းနေထိုင်ခွင့်ပြုခဲ့ပါသည်။ အခန်းငှားရမ်းသူမှ (၁၆-၁၂-၂၀၂၃) ရက်တွင် ငှားရမ်းကာလသက်တမ်းကုန်ဆုံးသွားပြီးဖြစ်၍ ငှားရမ်းခင်ငွေဆက်လက်ပေးသွင်းရန် ပျက်ကွက်ခြင်းနှင့် အခန်းပိုင်ရှင်ထံ ငှားရမ်းသည့်တိုက်ခန်းအား လက်ရောက်ပေးအပ်ရန် ပျက်ကွက်ခြင်းတို့ကြောင့် အခန်းပိုင်ရှင်မှ အကြိမ်ကြိမ်ဆက်သွယ်ရန် ရှာဖွေခဲ့သော်လည်း ငှားရမ်းသူအား ဆက်သွယ်၍ မရရှိပါသဖြင့် (၁၆-၃-၂၀၂၃)ရက်စွဲပါ နှစ်

တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဘိုကလေး (၁)လမ်း၊ မြေကွက်အမှတ် (၄၆/ဖဒ၃)၏ အကျယ်အဝန်း (၀ေ ၄၀x ၀ေ ၆၀)အနက်မှ (၀ေ ၂၀ x ၀ေ ၆၀)အကျယ်အဝန်းရှိ (စလစ်မြေ) အမျိုးအစားအား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းညွန့်[၁၂/လမန(နိုင်)၁၃၁၅၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးတင်ဝင်း [၁၂/လမန(နိုင်)၀၇၄၇၆၂]နှင့် ဒေါ်မိမိဝင်း [၁၂/လမန(နိုင်)၀၀၃၇၆၂]တို့မှ (၈-၁၁-၂၀၂၃)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သည့်အတွက် ထိုအရောင်းအဝယ်ပြုလုပ်သည့်နေ့မှစ၍ ၎င်းမြေကွက်နှင့်ပတ်သက်သော အမည်ပြောင်းလဲခြင်းအပါအဝင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းစသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးတင်ဝင်း၊ ဒေါ်မိမိဝင်းတို့နှင့်သာ သက်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ဦးတင်ဝင်းနှင့်ဒေါ်မိမိဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြမျှူ (LL.B) **ဒေါ်သက်သက်အောင်(LL.B)**
တရားလွတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
(စဉ်-၁၅၇၃၃၈) **(စဉ်-၃၃၆၄၀)**
အမှတ် (၉/၁၁)၊ အခန်း (၂၀၄-B)(၃၆)လမ်း (အောက်)၊
ကျောက်တံတားမြို့နယ်။
ဖုန်း- ၀၉-၄၀၁၆၀၁၇၉၇၊ ၀၉-၄၂၀၀၄၅၅၉၉

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ အခန်း-၈၀၈၊ ကွန်ဒို(အေ)တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအား (၉-၁၀-၂၀၀၂)မှစ၍ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထား စီမံခန့်ခွဲလျက်ရှိသည့် (အဖ)ဦးဝင်းမြင့်၏သမီးဖြစ်သူ ကျွန်မ ဒေါ်အေးစန္ဒာမြင့် [၁၂/ဗတထ(နိုင်)၀၀၈၆၇၄]မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်အေးစန္ဒာမြင့်မှ တရားလိုပြုလုပ်၍ အမှတ်-၄၆/အေ၊ အခန်း(၄/ဘီ)၊ ပန်တျာလမ်းနှင့် မင်းကျောင်းလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူ (အဖ)ဦးမြင့်ဝင်း၏သားဖြစ်သူ ဦးအောင်မိုး[၁၂/ကတတ(နိုင်)၀၁၈၀၇၂]နှင့် (အဖ)ဦးလှတင်၏သမီးဖြစ်သူ ဒေါ်နှင်းအေးခိုင်(ခ)လျိုဟုန်[၁၃/သပန(နိုင်)၀၀၀၀၅၈] အတူနေလင်မယားတို့အပေါ် ဗဟန်းမြို့နယ်တရားရုံးတော်၌ ၂၀၁၆ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်- ၃၀၁ ဖြင့် ဥပဒေအရ အရေးယူပေးပါရန် (၂၂-၉-၂၀၁၆)ရက်နေ့တွင် တရားစွဲဆိုခဲ့ရာ ဦးအောင်မိုးအပေါ် ရာဇသတ်ကြီးပုဒ်မ- ၄၁၇ ဖြင့်လည်းကောင်း၊ ဒေါ်နှင်းအေးခိုင်(ခ)လျိုဟုန် အပေါ်တွင် ရာဇသတ်ကြီးပုဒ်မ-၄၁၇/၁၁၄ ဖြင့်လည်းကောင်း၊ အရေးယူစစ်ဆေးခဲ့ပြီး (၂၈-၉-၂၀၁၀)ရက်စွဲ၌ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်တွင် နေထိုင်သူ ဒေါ်အေးစန္ဒာမြင့်ဆိုသူအား အမှန်တကယ် လက်ထပ်ထိမ်းမြားကြောင်း ယုံကြည်စေပြီး တရုတ်ပြည်သို့ အလုပ်သွားလုပ်မည်ဟုလိမ်လည်၍ မရိုးမဖြောင့်သော သဘောဖြင့် ၎င်းပိုင် အိမ်၊ ခြံ၊ ကား၊ တယ်လီဖုန်းတို့၏ ပိုင်ဆိုင်မှုစာချုပ်များနှင့် ငွေသားကျပ်သိန်း (၅၀)ကျပ်အား လှည့်ဖြားရယူခဲ့သည်ဖြစ်၍ ရာဇသတ်ကြီးပုဒ်မ- ၄၂၀ အရ၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်သည်ဖြစ်၍ (၉-၁-၂၀၂၄)နေ့ရက်တွင် (၁)တရားခံဖြစ်သူ ဦးအောင်မိုးအပေါ် ရာဇဝတ်ကြီးပုဒ်မ- ၄၂၀ အရ စွဲချက်တစ်ရပ်တည်း ဖြင့် စွဲချက်တင်ခဲ့ပြီး (၂)တရားခံ- ဒေါ်နှင်းအေးခိုင်(ခ)လျိုဟုန် အား စွဲချက်မတင် လွှတ်ခဲ့သည့်အမိန့်အား ကျေနပ်မှုမရှိပါ၍ အထက်ရုံးတော်သို့ ရာဇဝတ်ပြင်ဆင်မှုအားတင်သွင်းလျှောက်ထားခဲ့ပါသည်။

ဦးအောင်မိုးအား (၅-၄-၂၀၂၄)နေ့ရက်တွင် ကမာရွတ်ခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ်- ၃၅/၂၀၂၄ ဖြင့် တရားလိုပြုလုပ်၍ ယခင်ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၇၅/၂၀၁၅ အမှမှ (၂၀-၁၂-၂၀၂၁)နေ့၌ချမှတ်သော စီရင်ချက်၊ ဒီကရီနှင့် ယင်းအမိန့်အား အတည်ပြုခဲ့သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမပထမအယူခံမှု ပုဒ်မ- ၆၄/၂၀၂၂ အမှမှ (၁၆-၂-၂၀၂၄)နေ့၌ ချမှတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီအသီးသီးသည် တရားပြိုင်က ဥပဒေနှင့် မည်ညွှတ်ဘဲ မမှန်မကန် လိမ်လည်အဆိုပြုတင်ပြချက်များဖြင့် ရယူခဲ့သော ဒီကရီများဖြစ်၍ ပယ်ဖျက်ပေးစေလိုမှုနှင့် တရားလိုပိုင် အိမ်ခြံမြေဥစ္စာပစ္စည်းများ၏ နစ်နာဆုံးရှုံးမှု အစုစုတို့အတွက် နစ်နာကြေးငွေ ကျပ်သိန်း (၁,၅၁၀,၈၃၀,၀၀၀/-)ကျပ်သိန်း(တစ်သောင်းငါးထောင်တစ်ရာ့ရှစ်သိန်းသုံးသောင်းကျပ်)နှင့်တကွ အချင်းဖြစ်တိုက်ခန်းအား တရားလိုသာ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုအား တရားစွဲဆိုခဲ့ရာ အဆိုလွှာအား တရားမကျင့်ထုံးဥပဒေအမိန့်- ၇၊ နည်းဥပဒေ- ၁၁(က)အရ နေ့စဉ်မှတ်တမ်းဖြင့် အမှုစွဲဆိုရန် အကြောင်းပေါ်ပေါက်ခြင်း၊ အဆိုလွှာတွင် သိသာစေခြင်းမရှိသည့်အတွက် အဆိုလွှာအားပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည့်အပေါ် အဆင့်မြင့်အထက်ရုံးတော်သို့ ပြင်ဆင်မှု တင်သွင်းတရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါတိုက်ခန်း၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကျွန်မပိုင်ငွေကြေးဖြင့် ဝယ်ယူခဲ့ပြီး ယခုအချိန်ထိ နှစ်ပေါင်း(၂၂)နှစ်ကြာ ကျွန်မ၏သမီးနှင့်အတူ နေထိုင်ရင်း ဗဒ္ဓဘာသာမြန်မာအမျိုးသမီးတစ်ဦး၏ရပ်တည်ခွင့်ဂုဏ်သိက္ခာနှင့် တရားသဖြင့် ရိုးသားစွာရှာဖွေဖြစ်ထွန်းခဲ့သည့် ဥစ္စာပစ္စည်းများအပေါ် ရည်ရွယ်ချက်ရှိရှိ လိမ်လည်လှည့်ဖြားကာ မတော်မတရားရယူသွားသည့်အပေါ် ဗဟန်းမြို့နယ်တရားရုံး၏ ရာဇသတ်ကြီးပုဒ်မ(၄၂၀)ဖြင့် စွဲချက်တင်ခံရသည့် တရားခံ ဦးအောင်မိုး အား တရားစွဲဆိုနေကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးစန္ဒာမြင့်
[၁၂/ဗတထ(နိုင်)၀၀၈၆၇၄]
Ph:09-799848404

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ သခင်ဗဟိန်းလမ်း၊ အမှတ်- (၅၅)တည်ရှိရာ မြေတိုင်းအမှတ်- ၃၀၊ မြေကွက်အမှတ်- ၄၅၆၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့်တို့၏ အမည်ပေါက်သူ ဒေါ်မေမြတ်သွယ်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်လှတင် (LL.B)
တရားလွတ်တော်ရှေ့နေ (စဉ်-၇၆၄၅)
အမှတ် - ၈၅၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း- ၀၉-၅၀၂၁၄၄၄၊ ၀၉-၄၅၅၀၂၁၄၄

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆/အရှေ့)ရပ်ကွက်၊ အောင်သုခ(၂၀)လမ်းနှင့် အောင်သုခ ကျောကပ်လမ်းသွယ်ထောင့်၊ အမှတ်(၁၁၁၁)၊ စတုဂ္ဂထပ်(၅)လွှာ (ခြေရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ဝင်းကေသီဦး[၁၂/အစန(နိုင်)၂၀၆၀၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲလင်းအောင်[၇/သကန(နိုင်)၀၉၁၁၁၇]၊ ဒေါ်ဖေးခင်အိ [၇/သကန(နိုင်)၀၉၃၀၁၀] ကအပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဥာဏ်မင်းထက် (LL.B) **ဒေါ်ယုဇနီကို(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂) **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)**
အမှတ်(၂၈၀/က)၊ ညီညွှတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း- ၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

